# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၈ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၂၆ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၃၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ(နေပြည်တော်)–တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

# အစိုးရအချင်းချင်းသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ကြရမည်

နေပြည်တော် မေ ၂၅

မြန်မာ (နေပြည်တော်) – တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ (စတုတ္ထအကြိမ် မြန်မာ (လားရှိုး) – တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေး ကုန်စည်ပြပွဲ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင်နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၂ ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ မြို့တော်ဝန်၊ မြန်မာ–တရုတ်နှစ်နိုင်ငံမှ ဌာနဆိုင်ရာများ ကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ ❑




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ UMFCCI ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက မြန်မာ (နေပြည်တော်)–တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။


**မုန်တိုင်းသင့်ဒေသတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြသည့်တပ်ဖွဲ့ဝင်များအား လေးစားဂုဏ်ယူ**

ဆောင်းပါး စာ ၁၀

**သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၇





# သစ်တောပညာ နှစ်တစ်ရာပြည့်

ယနေ့သည် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် နှစ် ၁၀၀ ပြည့်သောနေ့ ဖြစ်သည်။ မြန်မာနိုင်ငံတွင် တက္ကသိုလ်အဆင့်သစ်တောပညာကို ၁၉၂၃ ခုနှစ်က ရန်ကုန်တက္ကသိုလ်တွင် Forestry School ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် စတင်ခဲ့ခြင်းဖြစ်ရာ ယခုနှစ်တွင် နှစ် ၁၀၀ ပြည့်မြောက်ပြီဖြစ်သည့်အလျောက် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့ (၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့) တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ရေဆင်းရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ ကျင်းပခြင်းဖြစ်သည်။

သမိုင်းတစ်လျှောက်တွင် သစ်တောများသည် လူသားတို့ရှင်သန်နေထိုင်မှုအတွက် မှီခိုစရာနေရာ၊ ထုတ်ယူသုံးစွဲရာနေရာများ၊ အမဲလိုက်အပန်းဖြေစရာနေရာများ ဖြစ်ခဲ့ကြသည်။ ၁၉ ရာစုအတွင်းတွင်မူ သစ်တောများသည် စီးပွားရေးအတွက် အရင်းအမြစ်များအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြပြီး ၂၀ ရာစုနှောင်းပိုင်းကာလနှင့် မျက်မှောက်ခေတ်တွင်မူ သစ်တောများ၏ တန်ဖိုးကို ရှုမြင်ပုံများမှာ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့အတွက် မရှိမဖြစ်သောအရာများအဖြစ်သို့ ပြောင်းလဲသွားသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများရှင်သန်တည်တံ့မှု၊ ရေချိုအရင်းအမြစ်များနှင့် မြေဆီလွှာထိန်းသိမ်းမှု စသည်တို့နှင့်ပတ်သက်၍ သစ်တောများ၏ တန်ဖိုးအစစ်အမှန်များကို ပိုမိုသိမြင်လာကြသည်နှင့်အမျှ သစ်တောပညာရပ်မှာလည်း စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သစ်တောများ ထာဝစဉ်တည်တံ့ရေးမှသည် ဂေဟာစနစ်ကို အခြေပြုသော သစ်တောစီမံခန့်ခွဲမှုဆီသို့ ပြောင်းလဲမျက်နှာမူလာခဲ့ပြီဖြစ်သည်။

ရန်ကုန်တက္ကသိုလ်တွင် သင်ကြားခဲ့သည့် သစ်တောပညာသင်တန်းများသို့ အိမ်နီးချင်းနိုင်ငံအချို့မှ သင်တန်းသားများ လာရောက်သင်ကြားခဲ့သည့် မှတ်တမ်းများရှိရာ သင်ကြားမှု အဆင့်အတန်းမြင့်မားခဲ့သည့်သာဓကဟု ဆိုရမည်ဖြစ်သည်။ စစ်ပြီးကာလ သစ်တောပညာဌာနသည် ရန်ကုန်တက္ကသိုလ် သိပ္ပံမဟာဌာန (Faculty of Science) အောက်တွင် ရှိခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် သစ်တောပညာမဟာဌာန (Faculty of Forestry) အဖြစ် သီးခြားဖွင့်လှစ်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ရှိ သစ်တောပညာဌာနသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အောက်သို့ ပြောင်းရွှေ့သွားခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် တက္ကသိုလ်၏အမည်သည် “သစ်တောတက္ကသိုလ်” မှ “ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် (University of Forestry and Environmental Science – UFES)” သို့ ပြောင်းလဲခဲ့သည်။

မျက်မှောက်ကမ္ဘာတွင် သစ်တောများ လျင်မြန်စွာ ပျက်စီးဆုံးရှုံးနေပြီး လူတို့၏ ပယောဂကြောင့် သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးနေခြင်းနှင့် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်းတို့ ဆက်စပ်ဖြစ်ပေါ်လျက်ရှိသည်။ သစ်တောများ၏ အကျိုးကျေးဇူးများကို သိနားလည်ရန်၊ သစ်တောများထာဝစဉ်တည်ရှိနေရေး ထိန်းသိမ်းရန် စသည်တို့အတွက် သစ်တောပညာရပ်များကို လေ့လာသင်ယူကြရန်လိုအပ်သလို ပြည်သူလူထုအတွင်း၌လည်း အသိပညာပြန့်ပွားရန်လိုသည်။ သစ်ပင်သစ်တောများကို ချစ်မြတ်နိုးလာစေရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိနားလည်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များအကြောင်း အသက်အရွယ်အလိုက်၊ အတန်းပညာအလိုက် ရင်းနှီးကျွမ်းဝင်နေကြစေရေးတို့အတွက် အခြေခံပညာရေးမှစကာ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ပညာရပ်များ ထည့်သွင်းသင်ကြားခြင်းဖြင့် အနာဂတ်ကာလတွင် သစ်တောနှင့်သစ်ပင်ချစ်ခင်မှုမြင့်မားသူ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပြုစုပျိုးထောင်ကြရပါမည့်အကြောင်း။ ။

# (၁၀)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၅**

(၁၀) ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေး (10th Meeting on Cooperation to Combat Trafficking in Persons between Myanmar Police Force and Royal Thai Police) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Park Royal Hotel ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁)၊ ရဲဗိုလ်ချုပ်အောင်အောင် ဦးဆောင်သော ကိုယ်စားလှယ်များနှင့် ထိုင်းတော်ဝင် ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် Pol. Gen. Surachate Hakparn ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ယာပုံ)**



အစည်းအဝေးတွင် ၂၀၁၉ ခုနှစ် ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သည့် (၉)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများ၊ နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှုအခြေအနေများ၊ လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး ကိစ္စရပ်များ၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများနှင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ နယ်စပ်မြို့များသို့ နိုင်ငံခြားသားများ တရားမဝင်လာရောက် အလုပ်လုပ်ကိုင်မှုဖြစ်စဉ်များ၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော လူကုန်ကူးမှုကျူးလွန်သူတရားခံများ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေဖြင့် အရေးယူခံရပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံများအား စုံစမ်းဖမ်းဆီး လွှဲပြောင်းပေးနိုင်ရေးနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တရားမဝင်ဝင်/ထွက် သွားလာမှုများကို ပူးပေါင်း တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**တနင်္သာရီ မေ ၂၅**

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက် နံနက်က မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ တနင်္သာရီမြို့နယ် အမှတ် (၂)စစ်နယ်မြေမှူး ဗိုလ်မှူးကြီးအောင်ကိုလတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူး ဦးခင်ဇော်နှင့် ဌာနဆိုင်ရာ ဦးစီးမှူးများ၊ ကျောင်းအကျိုးဆောင်များ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသား မိဘ အုပ်ထိန်းသူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ကျောင်းသား ကျောင်းသူများအား ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများနှင့် ကျောင်းဝတ်စုံများကို တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပေးအပ်ပြီး တာဝန်ရှိသူများက တနင်္သာရီမြို့ပေါ် ရပ်ကွက်များရှိ (အထက-တနင်္သာရီ)၊ (အမက-ချောင်းငယ်) နှင့် (အမက-တပ်ဦး) ကျောင်းများတွင် ကျောင်းအပ်လက်ခံနေမှုများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

တစ်ပြည်လုံးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**



မေ ၂၄ ရက်က ပဲခူးမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ လာရောက်အပ်နှံကြစဉ်။

ကိုတွတ် (ပြန်/ဆက်)

# လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် မေ ၂၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် NCX Myanmar Co., Ltd. မှ တင်သွင်းလာသော Wuyang Honda အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၁၉၂ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့် သင်္ဘောများ ထပ်မံရောက်ရှိလာသဖြင့် ပစ္စည်းများလျင်မြန်စွာချနိုင်ရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်



**စစ်တွေ မေ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီအလိုက် တာဝန်ရှိသူများက ကူညီကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိသည့်အခြေအနေနှင့်ဖြန့်ခွဲရန် စီစဉ်ထားမှု၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ စက်ယာဉ်ယန္တရားများဖြန့်ခွဲ၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ စက်သုံးဆီဈေးနှုန်းမကြီးမြင့်စေရေး ဆောင်ရွက်နေမှုအခြေအနေ၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖြင့် မုန်တိုင်းဒဏ်သင့်ဒေသရှိပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုအခြေအနေနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေများလက်ခံရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

**အမြန်ဆုံးပေးပို့နိုင်ရေး ဆွေးနွေးမှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့် သင်္ဘောများထပ်မံရောက်ရှိလာသဖြင့် ပစ္စည်းများလျင်မြန်စွာချနိုင်ရေးလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲ၍ လိုအပ်သည့်ဒေသများသို့ အမြန်ဆုံးပေးပို့နိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတားများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်ဆိုက်ကပ်ထားသည့် Sun Shine၊ ForTune နှင့် ခိုင်ရာဇာသင်္ဘောတို့မှ ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် ဖြန့်ခွဲပို့ဆောင်မည့် ရေယာဉ်/ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** အဆိုပါဆိပ်ကမ်းတွင် လုပ်အားပေးဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားသည်။

**သောက်သုံးရေဂါလန် ၂၅၀၀၀ ကို ဖြန့်ဝေ**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကွပ်ကဲမှုဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ်များသို့ ရွေ့လျားရေသန့်စင်ကားများပေးပို့၍ ဒေသခံပြည်သူလူထုအတွက် သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ စစ်တွေမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဖြန့်ဝေရန် ရေသန့်စင်ကား နှစ်စီး၊ ရသေ့တောင်မြို့နယ်အတွက် ရေသန့်စင်ကား နှစ်စီး၊ မင်းပြားမြို့နယ်အတွက် ရေသန့်စင်ကား တစ်စီး စုစုပေါင်းရေသန့်စင်ကား ငါးစီးဖြင့် မြို့နယ်သုံးမြို့နယ်အတွင်း နေ့စဉ်သန့်ရှင်းသောသောက်သုံးရေဂါလန် ၂၅၀၀၀ ကို ဖြန့်ဝေပေးလျက်ရှိသည်။

ထို့ပြင် Lite Straw (ရေနောက်မှ ရေကြည်ရအောင် သန့်စင်ပေးသောစက်) အလုံး ၅၀ ကို စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးနှင့် ရသေ့တောင်မြို့နယ်များသို့ ဖြန့်ဝေပေးပို့ထားပြီး ထပ်မံ၍လည်း အဆိုပါမြို့နယ်များအတွက် အလုံး ၁၆၀ ထပ်မံဖြန့်ဝေပေးသွားမည်ဖြစ်သည်။ ရခိုင်ပြည်နယ် မြို့နယ်များအတွင်း ကျေးရွာအချို့၌ မြေသားရေစုကန်များမှ ကန်ရေများကို အသုံးပြုနေရသဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ဆိုလာစနစ်အသုံးပြုထားသည့် ရွေ့လျားရေသန့်စင်စက်များဖြင့် သန့်စင်ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ဖြတ်သန်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံရှိ မီတာ ၁၀၀ တာဝါတိုင် ပြိုကျပျက်စီးခဲ့ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော် (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်ဦးဆောင်သည့်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ရုပ်မြင်သံကြားအစီအစဉ်များ ရေဒီယိုလိုင်းနှင့် FM အစီအစဉ်များ အမြန်ဆုံး ပြန်လည်ထုတ်လွှင့်နိုင်ရေးအတွက် စစ်တွေမြို့တွင် အခြေပြု၍ ပြင်ဆင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်တွေထပ်ဆင့်လွှင့်စက်ရုံ၏ မီတာ ၁၀၀ တာဝါတိုင်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းမစတင်မီ မီတာ ၃၀ တာဝါတိုင်ဖြင့် အစားထိုးဆောင်ရွက်ရန် စီစဉ်လျက်ရှိရာ ယခုအခါ မီတာ ၃၀ တာဝါတိုင်အတွက် အုတ်မြစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် တပ်ဆင်မည့်တာဝါတိုင်များ ဆေးသုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။ အဆိုပါ မီတာ ၃၀ တာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဇွန်လဆန်းပိုင်းမှ စတင်ပြီး DVB T2 300W လွှင့်စက်နှင့် FM 300W လွှင့်စက်များ အသုံးပြုကာ ရုပ်သံနှင့် ရေဒီယိုအစီအစဉ်များကို မူလအတိုင်း ပြန်လည်ထုတ်လွှင့်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

လျှပ်စစ်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ မေ ၂၅ ရက်မှစတင်ကာ စစ်တွေမြို့ ကားကြီးဝင်း – မီးစက်ကြီးအဝိုင်း၊ မီးစက်ကြီးအဝိုင်း – နာရီစင်၊ နာရီစင် – ဘီလူးမတံတား၊ဘီလူးမတံတား–ဆတ်ရိုးကျတံတား လမ်းတစ်လျှောက်တွင် ည ၇ နာရီမှ ၁၀ နာရီအထိ လမ်းမီးများထွန်းညှိသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ဖုန်းများ၊ လျှပ်စစ်မီးလုံးများနှင့် အခြားဘက်ထရီအားသွင်းလျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ရန်အတွက် Charging Point နေရာများဖြစ်သော ကားကြီးဝင်း၊ မီးစက်ကြီးအဝိုင်း၊ အစိုးရအဖွဲ့ရုံးရှေ့၊ ယဉ်ကျေးမှုပြတိုက်နှင့် ဘီလူးမတံတားထိပ် စသည့်နေရာများတွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





မေ ၂၅ ရက် ည ၇ နာရီမှစတင်၍ စစ်တွေမြို့တွင် လမ်းမီးများ ထွန်းညှိထားသည်ကို တွေ့ရစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာ (နေပြည်တော်) – တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ (စတုတ္ထအကြိမ် မြန်မာ (လားရှိုး)–တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးကုန်စည်ပြပွဲ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ ရှေ့ဖုံးမှ

ရှေးဦးစွာ အခမ်းအနားကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဝန်ထမ်းများက "သာစွမြန်မာ" သီချင်းဖြင့်လည်းကောင်း၊ တရုတ်ယဉ်ကျေးမှု အကအဖွဲ့မှ "up လင်ချန်း" သီချင်းဖြင့်လည်းကောင်း တင်ဆက်ကပြကြသည်။

**အရေးပါသည့်မူဝါဒတစ်ရပ်အဖြစ် ချမှတ်**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများအကြားတွင် တရုတ်နိုင်ငံသည် အဓိက ကုန်သွယ်ဖက်နိုင်ငံတစ်ခုအဖြစ် နှစ်စဉ်ရပ်တည်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံ့တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်လျက်ရှိသည့် ယနေ့ကာလတွင် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုကောင်းမွန်လာခြင်း၊ ကိုဗစ် – ၁၉ ကပ်ရောဂါ ပပျောက်ရေးကို နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များအရ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု၏အခန်းကဏ္ဍသည် ယခင်ကာလများထက် ပိုမိုအရေးပါလာခြင်း စသည့်အခြေအနေကောင်းများကြောင့် တရုတ်–မြန်မာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများကို တွေ့မြင်နေရပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးကို ကုန်သွယ်မှုကဏ္ဍ၏အရေးပါသည့်မူဝါဒတစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပသည့် စတုတ္ထအကြိမ် မြန်မာ (နေပြည်တော်) – တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲသည် နယ်နိမိတ်ချင်း ထိစပ်နေသည့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ခိုင်မာအားကောင်းမှု နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းပြည်သူများ၏ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ထင်ဟပ်လျက်ရှိသည့် အခမ်းအနားတစ်ခု ဖြစ်ပါကြောင်း။

**နှစ်ဖက်ပူးပေါင်းဆောင်ရွက်**

နှစ်နိုင်ငံကြား ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် အစိုးရအချင်းချင်းသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးတွင် မြန်မာနိုင်ငံက အဓိကတင်ပို့လျက်ရှိသည့် ထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံဈေးကွက်အတွင်း ကျယ်ပြန့်စွာတင်ပို့နိုင်ရေးသည် အရေးကြီးသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် ဒေသတွင်းသဘောတူညီချက်များကိုလည်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပြီး မြန်မာပို့ကုန်များ ဈေးကွက်ပိုမိုရရှိရေး အကန့်အသတ်များ၊ အတားအဆီးများ လျှော့ချပေးစေလိုကြောင်း၊ နှစ်ဖက်နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နယ်စပ်ဒေသများတွင် ဘဏ်လုပ်ငန်းစနစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လွယ်ကူစေရေးတို့ကိုလည်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**တရုတ်နိုင်ငံမှ ပံ့ပိုးကူညီရန်ဆန္ဒရှိ**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး H.E. Mr. Chen Hai က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ရေမြေတောတောင်ချင်း ဆက်စပ်ပြီး ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ရှေးပဝေသဏီကပင် စတင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ယူနန်ပြည်နယ်၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး အကြီးဆုံးသွင်းကုန်အရင်းအမြစ်နှင့် ပို့ကုန်ဈေးကွက် ဖြစ်ပါကြောင်း၊ ယူနန်ပြည်နယ်နှင့်



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး H.E. Mr. Chen Hai

မြန်မာနိုင်ငံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် ပထဝီအနေအထား တစ်မူထူးခြားသည့် အားသာချက်နှင့် ခိုင်မာသည့် အခြေခံအုတ်မြစ် ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လာစေခြင်းသည် နှစ်ဦးနှစ်ဖက်တူညီသည့် မျှော်မှန်းချက်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်ပြည်သူများ၏ အခြေခံအကျိုးစီးပွားနှင့်ကိုက်ညီပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ အပြန်အလှန်သင်ယူလေ့လာမှု အားကောင်းစေရန်၊ ချစ်ခင်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းလာစေရန် မြန်မာနိုင်ငံကို ထောက်ခံအားပေးရန်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်ကုန်စည်ပြပွဲတစ်ခုဖြစ်သည်နှင့်အညီ မြန်မာ–တရုတ် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ယခုကုန်စည်ပြပွဲ Platform ကို ထိရောက်စွာအသုံးပြုပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လင်ချန်းမြို့ မြို့တော်ဝန် Mr. Du Jianhui က လင်ချန်းမြို့ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ကူညီလျက်ရှိသည့် မြန်မာ – တရုတ် နှစ်နိုင်ငံမှ မိတ်ဆွေများကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး၊ လင်ချန်းမြို့ မြို့တော်ဝန်၊ ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ယူနန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့က မြန်မာ (နေပြည်တော်)–တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ(စတုတ္ထအကြိမ်မြောက် မြန်မာ(လားရှိုး)–တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေး ကုန်စည်ပြပွဲ) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ(နေပြည်တော်) – တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**လိုက်လံကြည့်ရှုအားပေး**

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ(နေပြည်တော်)–တရုတ်(လင်ချန်း) စီးပွားရေး ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လိုက်လံကြည့်ရှုအားပေးသည်။

မြန်မာ (နေပြည်တော်) – တရုတ် (လင်ချန်း) ကုန်စည်ပြပွဲကို ၂၀၁၉ ခုနှစ်တွင် ရှမ်းပြည်နယ် လားရှိုးမြို့တွင်လည်းကောင်း၊ ဒုတိယအကြိမ် ကုန်စည်ပြပွဲကို ၂၀၂၁ ခုနှစ်တွင် လည်းကောင်း၊ တတိယအကြိမ် ကုန်စည်ပြပွဲကို ၂၀၂၂ ခုနှစ်တွင် အွန်လိုင်းမှတစ်ဆင့် လည်းကောင်း ယခုစတုတ္ထအကြိမ်မြောက် ကုန်စည်ပြပွဲကို "ဖွံ့ဖြိုးမှုသစ်များ ရရှိဖို့ လမ်းကြောင်းသစ်များ တည်ဆောက်စို့" ခေါင်းစဉ်ဖြင့် နေပြည်တော်တွင် မေ ၂၅ မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စတုတ္ထအကြိမ်မြောက် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ကုမ္ပဏီ ၆၅ ခုမှ ပြခန်းပေါင်း ၇၉ ခန်း၊ တရုတ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင် ၇၀ မှ ပြခန်းပေါင်း ၄၀ ခန့်က ဒေသထွက် စားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ လက်ဖက်နှင့် ကော်ဖီ၊ လယ်ယာထွက်ကုန်များ၊ ကြိမ်နှင့်ဝါးထွက်ကုန်များ၊ သစ်သားပန်းပုများ၊ ပရိဘောဂများနှင့် ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းစသည်ဖြင့် ကဏ္ဍစုံပါဝင်ပြသလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်တာဝန်ရှိသူများ မြန်မာ(နေပြည်တော်)–တရုတ်(လင်ချန်း) စီးပွားရေး ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းအား ကြည့်ရှုအားပေးစဉ်။

# Grade-9 ၊ Grade-12 ဆင့် သင်ရိုးသစ်များကို ကျောင်းဖွင့်အမီ အရည်အသွေးပြည့်ဝစွာ သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာတက္ကသိုလ်၊ အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်သင်ကြားပေးနေ

**မန္တလေး မေ ၂၅**

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် အမှာစကားများမှ ကျောင်းတက်သူဦးရေတိုးတက်ရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်၊ အမရပူရခရိုင်၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ တက္ကသိုလ်များ၊ အခြေခံပညာ အထက်တန်းကျောင်းများတွင် ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကိုသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မေ ၂၂ ရက်က မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်၊ အမရပူရမြို့နယ်ရှိ မန္တလာတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်များသို့လည်းကောင်း၊ မေ ၂၃ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမရပူရမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့လည်းကောင်း၊ မေ ၂၄ ရက်က ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့တော်ခန်းမသို့လည်းကောင်း သွားရောက်ပြီး ပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ နည်းပြများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ Grade-9 ၊ Grade-12 ဆင့် သင်ရိုးသစ်ဆင့်ပွားသင်တန်းများမှ အခြေခံဆရာ ဆရာမများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘများ၊ ကျောင်းအကျိုးဆောင်များနှင့် တွေ့ဆုံခဲ့သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ နည်းပြများ၊ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းများ၌ Grade-9 ၊ Grade-12 သင်ရိုးသစ် ဆင့်ပွားသင်တန်းများတွင် တက်ရောက်နေကြသည့် အခြေခံပညာဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

## လက်တွဲညီညီ လျှောက်လှမ်း

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တစ်မျိုးသားလုံး ပညာရည်မြှင့်တင်မှုကို မူဝါဒများ၊ မျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ကျန်းမာကြံ့ခိုင်၍ ပညာတတ်မြောက်သော လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာအောင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေးတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားစိုက် ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ မကြာမီ ကျောင်းများဖွင့်လှစ်တော့မည်ဖြစ်ရာ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် လာရောက်တွေ့ဆုံခြင်းလည်း ဖြစ်ပါကြောင်း၊ Grade-9၊ Grade-12 ဆင့် သင်ရိုးသစ်များကို ကျောင်းဖွင့်အမီ အရည်အသွေးပြည့်ဝစွာ သင်ကြားပေးနိုင်ရေး အတွက် သက်ဆိုင်ရာတက္ကသိုလ်၊ အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်သင်ကြားပေးနေပါကြောင်း၊ သင်ရိုးသစ်များကို သင်ကြားရာတွင် ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ ရရှိအောင် သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှချမှတ်ထားသည့် မြန်မာ့ပညာရေးမျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် သင်ရိုးသစ်ပညာရေးနှင့်အတူ ဆရာနှင့်ကျောင်းသား၊ မိဘနှင့်ဆရာ အတူတကွလက်တွဲညီညီ လျှောက်လှမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအားလုံး တက္ကသိုလ်များသို့ ရောက်ရှိသင်ကြားကြစေရန်၊ တန်းစဉ်အလိုက် ကူးပြောင်းအောင်မြင်အောင် သင်ချင်တက်ချင်စိတ်များရှိလာရန်၊ ကလေးအားလုံး ကျောင်းမြဲနေရန် အားလုံးက ခံယူချက်အပြည့်ဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းတက်ဦးရေတိုးတက်ရေး၊ အတန်းကူးပြောင်းနှုန်းမြင့်မားရေးကို အဟန့်အတားဖြစ်စေသည့်အကြောင်းရင်းများကို အဖြေရှာပြီး ဝိုင်းဝန်းဖြေရှင်းသွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေး၊ အနာဂတ်ပညာရေးနယ်ပယ်ကဏ္ဍများ မြင့်မားတိုးတက်ရေးအတွက် တစ်မျိုးသားလုံး ပညာရည်မြှင့်တင်မှုကို အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသူများဖြစ်ပြီး သင်ကြားသူနှင့်သင်ယူသူ ဟန်ချက်ညီနေရန် လိုအပ်ပါကြောင်း၊ ဆရာများ၏ အရည်အသွေးကို ဆန်းသစ်သည့် အယူအဆ အတွေးအခေါ်သစ်များဖြင့် အမြဲတမ်းရှင်သန်မြှင့်တင်နေရန်အတွက် အစဉ်တစိုက်ကြိုးစားနေကြရမည် ဖြစ်ပါကြောင်း၊ စိတ်စွမ်းအင်များ ထက်မြက်လာစေရန် စာများစွာဖတ်ရန်လိုအပ်ပါကြောင်း၊ ဆရာ့ဂုဏ်နှင့် အလုပ်ပေါ်တန်ဖိုးထားပြီး နိုင်ငံအပေါ်သစ္စာရှိရှိဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသားများအပြင် အားလုံးက အခန်းကဏ္ဍအလိုက် ဝိုင်းဝန်းပေါင်းစပ် ကူညီဆောင်ရွက်ပေးသွားကြမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

## အဘက်ဘက်မှ ပံ့ပိုးပေးနေ

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်မှ ပညာရေးကဏ္ဍမြင့်မားစေရန် အဘက်ဘက်မှ ပံ့ပိုးပေးနေမှု၊ ထိရောက်သည့် သင်ကြားမှု သင်ယူမှုဖြစ်စေရေးအတွက် ဆရာ ဆရာမများ လုံလောက်မှုရှိစေရန် နှစ်စဉ်တိုးမြှင့်ခန့်ထားပေးနေမှု၊ နိုင်ငံသားတိုင်း KG+9 ပြီးဆုံးသည်အထိ အခမဲ့ပညာသင်ယူနိုင်ရေးကို မူဝါဒချမှတ်ကာ အလေးအနက်ထားဆောင်ရွက်နေမှု၊ အလယ်တန်းဆင့် Grade-9 ပြီးမြောက်အောင်မြင်ပြီး အထက်တန်းအဆင့်သို့ တက်ရောက်ရန် ခက်ခဲသည့် ကျောင်းသား ကျောင်းသူများအတွက် သက်မွေးဝမ်းကျောင်းစက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ကြားနိုင်မည့်ကျောင်းများတွင် သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် လာမည့်ဇွန်လမှစတင်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ငါးကျောင်းအပါအဝင် ခရိုင် ၅၀ အတွင်း မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့သည်။

## ရင်းရင်းနှီးနှီး နှုတ်ဆက်

အဆိုပါတွေ့ဆုံပွဲများတွင် ဆင့်ပွားသင်တန်းတက်ရောက်နေကြသည့် အခြေခံဆရာ ဆရာမများ၏ Grade-9 ၊ Grade- 12ဆင့် သင်ရိုးသစ်သင်တန်းအတွေ့အကြုံများ၊ အကျိုးကျေးဇူးများနှင့် ကျောင်းတက်ရောက်မှုအခြေအနေများကို လည်းကောင်း၊ ကျောင်းသားမိဘများ၏ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး ကြုံတွေ့နေရသည့်အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက နိုင်ငံတော်က သင်ကြားရေးဆရာ ဆရာမများ ဖြည့်တင်းပေးနေမှုအခြေအနေများ၊ ကျောင်းဝင်နှုန်းမြင့်မားရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြချက်များနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းများ၌ Grade-9 ၊ Grade-12 သင်ရိုးသစ်ဆင့်ပွားသင်တန်းများတွင် တက်ရောက်နေကြသည့် အခြေခံပညာဆရာ ဆရာမများအတွက် စုစုပေါင်း ဂုဏ်ပြုငွေကျပ် ၂၂၄၉၀၀၀၀ ကို ချီးမြှင့်ခဲ့ကြောင်း၊ မန္တလေးတက္ကသိုလ်ရှိ အနုပညာအသင်းအတွက် YAMAHA အမျိုးအစား ကီးဘုတ်တစ်လုံးတို့ကို လှူဒါန်းခဲ့ကြောင်းနှင့် ကျောင်းအပ်ခြင်းများ စတင်လက်ခံဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပညာတတ်မှ မျိုးနွယ်စုများ တိုးတက်မည်ဖြစ်သောကြောင့် ကလေးများ ပညာတတ်ရန်အတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံပေးရန်လိုအပ်

ရပ်စောက် မေ ၂၅

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ တောင်ငူဆောင်၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း ညောင်ရွှေမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ Grade-9 အတန်းပညာတတ်မြောက်အောင် ဆောင်ရွက်နိုင်ရန် မိဘ၊ ဆရာ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ပညာတတ်မှ မျိုးနွယ်စုများ တိုးတက်မည်ဖြစ်သောကြောင့် ကလေးများ ပညာတတ်ရန်အတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံပေးရန် လိုအပ်ပါကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းသင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာစိုက်ပျိုးရေး၊ မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများက ဝိုင်းဝန်းပူးပေါင်း ကြိုးစားပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ယခုပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး တာဝန်ရှိသူအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်မျိုးမျိုးသန့်နှင့် တာဝန်ရှိသူများက စာသင်ကျောင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကျေးရွာလိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွံ့ဖြိုးရေးအတွက် ငွေကျပ် ငါးသိန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ငွေကျပ်ငါးသိန်းတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမျိုးသန့်နှင့် တာဝန်ရှိသူများထံ ပေးအပ်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်စကားပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကလောခရိုင် ညောင်ရွှေမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ပုလဲခန်းမတွင် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက ပညာရေးမြင့်မားရေးအတွက် Grade- 9 သင်တန်းများဆင့်ပွားသင်ကြားပေးနေမှုနှင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရပ်ကွက်ကျေးရွာတွင် ကျောင်းအပ်နှံရန်ကျန်ရှိပါက တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန်နှင့် အခက်အခဲများရှိပါက ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှထွန်းနှင့် တာဝန်ရှိသူများက ကျောင်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ညောင်ရွှေမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ထောက်ပံ့ငွေကျပ် ငါးသိန်းတို့ကို ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများထံ ပေးအပ်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်စကားပြောကြား၍ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် ရွှေရန်ပြေ အခြေခံပညာအလယ်တန်းကျောင်း ပုလဲခန်းမ၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားကြပြီး ရွှေရန်ပြေ အခြေခံမူလတန်းကျောင်းဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများထံ ပေးအပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**ဟိုပန် မေ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်သည် ယနေ့နံနက် ၉ နာရီက "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ရှိ ဝဏ္ဏကျော်ထင် စဝ်ခွန်ဆမ်ခန်းမတွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေး ရာသီတွင် မိဘများ အခက်အခဲမရှိစေဘဲ သားသမီးများကို ကျောင်းအပ်နှံနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပုံနှိပ် ပြဋ္ဌာန်းဖတ်စာအုပ်များကို အခမဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ ပညာရေးစနစ်ကို ဖော်ဆောင်ပေးလျက် ရှိပါကြောင်း၊ ဟိုပန်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ရေ၊ သန့်စင်ခန်းနှင့် ကျောင်းသုံးပစ္စည်း လိုအပ်ချက်များကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့မှတစ်ဆင့် တင်ပြသွားရန်၊ ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့ ဆောင်ပုဒ်နှင့်အညီ အားလုံး ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးအောင်မိုးက ပညာရေးကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က ပညာရေးကဏ္ဍအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ပြီး နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**



ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်သည် အခြေခံပညာအထက်တန်းကျောင်းခွဲ (ရွှေဝါ) နှင့် အခြေခံပညာအထက်တန်းကျောင်း (ဟိုပန်)သို့ ရောက်ရှိပြီး ကျောင်းအပ်နှံမှု အခြေအနေကို ကြည့်ရှုအားပေးကာ ပညာရေးဌာနမှ တာဝန်ရှိသူများကို တွေ့ဆုံပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်သည် ဟိုပန်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး အောက်ဆီဂျင်စက်ရုံနှင့် Isolation ward ဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက် ကုသနေသည့် လူနာများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်း ပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ် – မြန်မာ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**နေပြည်တော် မေ ၂၅**

တရုတ်– မြန်မာ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ရည်ရွယ်၍မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chen Hai က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီက နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်နှင့် ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chen Hai၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (ယာပုံ)နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chen Hai တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။






ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Economic and Commercial Counsellor များ ဖြစ်ကြသည့် Mr. Tan Shufu နှင့် Mr.OuyangDaobing တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အင်ဒိုနီးရှားနိုင်ငံ ဘာလီရှိ ပန်လီပူရမ်ကျေးရွာနှင့် ကင်တန်မနီကျေးရွာများသို့ သွားရောက်လေ့လာ

**ဘာလီ မေ ၂၅**

(၁၈)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးညီလာခံ (18th Asia Media Summit) တက်ရောက်လျက်ရှိသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာရှပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးရေးအဖွဲ့ (AIBD) အဖွဲ့ဝင်နိုင်ငံများမှ ညီလာခံ တက်ရောက်လျက်ရှိသည့် နိုင်ငံများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များနှင့်အတူ ယနေ့နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ ဘန်လီခရိုင် (Bangli Regency)၊ ကူဘူ (Kubu) မြို့မှ ပန်လီပူရမ် ကျေးရွာ ၊ Bamboo Forest နှင့် ကင်တန်မနီ (Kintamani) ကျေးရွာတို့သို့ သွားရောက်လေ့လာကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အင်ဒိုနီးရှားနိုင်ငံ ဘာလီရှိ ပန်လီပူရမ်ကျေးရွာအတွင်း လေ့လာကြည့်ရှုစဉ်။

### ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့ဝင်များအား ပန်လီပူရမ် ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်၍ ကျေးရွာဆိုင်ရာ အချက်အလက်များအား ပြောကြားပြီး ကျေးရွာအတွင်း လိုက်လံ ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက ဒေသခံများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

### ရိုးရာယဉ်ကျေးမှုနှင့်အညီ နေထိုင်

အဆိုပါ ပန်လီပူရမ်ကျေးရွာတွင် လူဦးရေ ၁၂၈၀၊ အိမ်ခြေ ၇၈ လုံးရှိပြီး ဘာလီကျွန်းဒေသခံများ၏ ရိုးရာဓလေ့ထုံးစံများကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ပြီး နေထိုင်လုပ်ကိုင်မှုကြောင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားပြီးအများဆုံးလာရောက်သည့် ကျေးရွာတစ်ရွာ ဖြစ်ကြောင်း၊ ကျေးရွာရှိ နေအိမ်နှင့် အဆောက်အဦများကို ဘာလီကျွန်း ရိုးရာပုံစံ ဆောက်လုပ်ထားကြပြီး ကျေးရွာသူ ကျေးရွာသားများမှာလည်း ဘာလီကျွန်း ရိုးရာယဉ်ကျေးမှုနှင့်အညီ နေထိုင်လုပ်ကိုင်လျက်ရှိကြကြောင်း၊ ကျေးရွာ၏ နေအိမ်တည်ဆောက်မှု ဗိသုကာပညာနှင့် မြေယာစီမံခန့်ခွဲမှုများအား နတ်ဘုရား၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ဟန်ချက်ညီ ထိန်းညှိဆက်သွယ်ထားသည့် ဘာလီရိုးရာ သုံးနားညီ အယူအဆ (Tri Hita Karana )ကို ကျင့်သုံးဆောင်ရွက်လျက် ရှိကြောင်း၊ ပန်လီပူရမ်ကျေးရွာသည် ကမ္ဘာပေါ်ရှိ အသန့်ရှင်းဆုံး ကျေးရွာသုံးရွာတွင် ပါဝင်နေပြီး ကျေးရွာ၏ သန့်ရှင်းသပ်ရပ် သာယာလှပမှုကြောင့် ၂၀၁၇ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလည်ပတ်နေရာ ထူးချွန်ဆု (Indonesia Sustainable Tourism Award) အပါအဝင် ဆုပေါင်းများစွာ ရရှိထားကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့သည် ပန်လီပူရမ်ကျေးရွာ အနီးရှိ ဟူထန် ဝါးသစ်တော (Hutan Bambu Forest)သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

### ထိန်းသိမ်းစောင့်ရှောက်

Hutan Bambu Forest ကို သဘာဝအတိုင်း ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ၁၉၉၅ ခုနှစ်မှစတင်၍ အင်ဒိုနီးရှားအစိုးရက အစီအမံနှင့် ရန်ပုံငွေများ သတ်မှတ်ခွင့်ပြုပေးခဲ့ရာ ပန်လီပူရမ် ကျေးရွာလူထုက ဝါးသစ်တော ထိန်းသိမ်း စောင့်ရှောက်ရေး လုပ်ငန်းများကို အစိုးရအထောက်အပံ့ဖြင့် ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့သည် ဘာလီကျွန်း ကင်တန်မနီကျေးရွာရှိ BAS De ATAYANA (I I Love BAS Agrotourism)ကော်ဖီခြံသို့ သွားရောက်ပြီး ကြောင်နံ့သာ/ကြောင်ကတိုး အသုံးပြု၍ ကော်ဖီ ထုတ်လုပ်မှု လုပ်ငန်းစဉ်ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ပုဂ္ဂလိက ကော်ဖီခြံမှာ ၁၀ ဧက ခန့်ရှိပြီး ကြောင်နံ့သာ/ ကြောင်ကတိုး (Civet Cat/ Kopi Luwak) ကောင်ရေ ၂၀ ခန့်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ယင်းကြောင်နံ့သာ/ ကြောင်ကတိုးများက ကော်ဖီစေ့များကို စားသုံးပြီး စွန့်ပစ်လိုက်သော ကော်ဖီစေ့များကို ပြန်လည်သန့်စင်၍ ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ဘာလီကျွန်းတွင် အလားတူ ကော်ဖီခြံများစွာရှိပြီး စုစုပေါင်း ဧက ၉၀၀ ခန့် လုပ်ကိုင်လျက်ရှိကြောင်း၊ ယင်းကော်ဖီအမျိုးအစားသည် ကမ္ဘာ့အကောင်းဆုံး ကော်ဖီများတွင် ပါဝင်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၀၂၁–၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားသို့ ကော်ဖီတင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁၂၆ သန်းခန့် ရရှိခဲ့ကြောင်း သိရသည်။

### ကြိုးပမ်းဆောင်ရွက်

ကမ္ဘာ့လူဦးရေ စတုတ္ထအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၄၅ ခုနှစ်တွင် ဖွံ့ဖြိုးပြီး နိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်ရန် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ လူဦးရေ ၄ ဒသမ ၅ သန်းကျော် နေထိုင်လျက်ရှိသည့် ဘာလီပြည်နယ်အနေဖြင့်လည်း ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားမီကာလ အခြေအနေကဲ့သို့ ခရီးသွားလုပ်ငန်းများ ပြန်လည်တိုးတက်ဖွံ့ဖြိုးလာစေရေး စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပန်လီပူရမ်ကျေးရွာ အုပ်ချုပ်ရေးမှူးအား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် လေ့လာရေးအဖွဲ့ ကင်တန်မနီကျေးရွာရှိ BAS De ATAYANA (I I Love BAS Agrotourism)ကော်ဖီခြံသို့ သွားရောက်လေ့လာစဉ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် စစ်တွေတပ်နယ်၊ ပလက်ဝတပ်နယ်များရှိ နယ်မြေခံတပ်ရင်းများ၊ စာသင်ကျောင်းများနှင့် နယ်မြေခံမြန်မာနိုင်ငံရဲတပ်ဖွဲ့ခွဲများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၅**


ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ယနေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စစ်တွေမြို့နယ်အတွင်း စစ်တွေ-ရန်ကုန်သွား ကားလမ်းမကြီး ဝဲ/ယာ တစ်လျှောက်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲကျိုးကျနေသည့် သစ်ပင်/သစ်ကိုင်းများ ရှင်းလင်းဖယ်ရှားဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စစ်တွေမြို့ရှိ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ ရဲတပ်ဖွဲ့ခွဲများရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော နေအိမ်လိုင်းခန်းများ၊ အဆောက်အဦများအား အမိုးများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ယာယီနေထိုင်နိုင်ရန် ဆောင်ရွက်ထားသည့် မိုးကာရွက်ဖျင်တဲများ၊ ယာယီနေထိုင်ရန် စီစဉ်ထားသော အဆောက်အဦများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အဖွဲ့ဝင်များသည် စစ်တွေမြို့ အမှတ် (၆) အခြေခံ ပညာအထက်တန်းကျောင်းနှင့် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းတို့ရှိ ကျောင်းဆောင်များ ပျက်စီးနေမှုများအား ပြုပြင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ပြန်လည်အချိန်မီ ပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးကာ **(အပေါ်ပုံ)** ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းအပ်နှံရန် လာရောက်ကြသည့် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် ပလက်ဝမြို့ရှိ နယ်မြေခံတပ်ရင်းမှ တပ်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားပြီး အခြေခံစားကုန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ တပ်ရင်းတွင် ဆောင်ရွက်ထားသော စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ချင်းပြည်နယ် ပလက်ဝမြို့ရှိ နယ်မြေခံတပ်ရင်းမှ တပ်မိသားစုဝင်များအား အခြေခံစားကုန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ က သွားရာက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး **(ယာပုံ)** စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စစ်တွေမြို့နယ်၌ မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးသွားသော ဓာတ်အားလိုင်းများကို ပြင်ဆင်လျက်ရှိ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် လမ်းမီးများ ဖြန့်ဖြူးပေးသွားမည်

**နေပြည်တော် မေ ၂၅**

မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့ အပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ စစ်တွေခရိုင်၊ မောင်တောခရိုင်နှင့် မြောက်ဦးခရိုင်တို့တွင် ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံများ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့သည်။ ၂၃၀ ကေဗွီ အမ်း- ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းအပါဝင် ၆၆ ကေဗွီစစ်တွေ၊ ကျောက်တော်၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော ဓာတ်အားလိုင်းများနှင့် ၃၃ ကေဗွီ မြေပုံ၊ ပေါက်တော ဓာတ်အားလိုင်းများလည်း ထိခိုက်



ပျက်စီးခဲ့ရပြီး ဓာတ်အား ပြတ်တောက်လျက်ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အချိန်မီပြင်ဆင်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အဖွဲ့ ၁၆ ဖွဲ့ (လူအင်အား ၅၆၇ ဦး၊ ယာဉ်ယန္တရား ၆၂ စီး)၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အဖွဲ့ ၁၄ ဖွဲ့ (လူအင်အား ၅၃၆ ဦး၊ ယာဉ်ယန္တရား ၄၉ စီး) တို့ဖြင့် အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် စစ်တွေမြို့အတွင်း ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ ပြင်ဆင်ပြီးစီးမှုအခြေအနေအရ စစ်တွေမြို့ပေါ်ရှိ မေယုလမ်းမကြီး လမ်းတစ်လျှောက် ကားကြီးဝင်းအနီးမှ မီးစက်ကြီးအဝိုင်းနှင့် မီးစက်ကြီးအဝိုင်းမှ နာရီစင်အထိ လည်းကောင်း၊ လမ်းမကြီး လမ်းတစ်လျှောက် နာရီစင်မှ ဘီလူးမချောင်းတံတားနှင့် ဘီလူးမချောင်းတံတားမှ ဆတ်ရိုးကျတံတား လမ်းအထိ လည်းကောင်း မေ ၂၅ ရက် ညမှစတင်၍ ၁၉:၀၀ နာရီမှ ၂၂:၀၀ နာရီအထိ ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေး စက်ဖြင့် လမ်းမီးများ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူများ၏ တယ်လီဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ အလင်းရောင်သုံး လျှပ်စစ်ပစ္စည်းများ အားသွင်းအသုံးပြုနိုင်ရန်အတွက် Charging Point နေရာများအား ကားကြီးဝင်း၊ မီးစက်ကြီးအဝိုင်း၊ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့၊ ယဉ်ကျေးမှုပြတိုက်၊ ဘီလူးမတံတားထိပ်စသည့် နေရာငါးခုတွင် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယနေ့ညနေပိုင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လမ်းမကြီးတစ်လျှောက် လမ်းမီးများ ထွန်းလင်းထားရှိမှုနှင့် Charging Points များတွင် အများပြည်သူများ ဓာတ်အားအဆင်ပြေစွာ သုံးစွဲနေမှုများကို လိုက်လံစစ်ဆေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဘူးသီးတောင်မြို့နယ်အတွင်း နယ်လှည့်ဆေးကုသရေးအဖွဲ့ ဆေးကုသမှုကွင်းဆင်းကြည့်ရှု

**ဘူးသီးတောင် မေ ၂၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း မိုခါမုန်တိုင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများ မေ ၂၄ ရက်က ဘူးသီးတောင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့နှင့် သမဝါယမရုံးရှေ့တို့၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်းခွဲ(မြို့သစ်)၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးနေသည့် ကျောင်းအဆောက်အအုံ ပျက်စီးနေမှုကို လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



ဘူးသီးတောင်မြို့နယ် ကင်းချောင်းကျေးရွာအုပ်စု၊ သပိတ်တောင်ကျေးရွာအုပ်စုနှင့် မြောင်းနားကျေးရွာအုပ်စုတို့၌ မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးလန်၊ ပြိုကျ၊ ပျက်စီးခဲ့သည့် လေဘေးသင့်အိမ်ထောင်စု ၃၆၅ စုတို့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပစ္စည်းများဖြစ်သည့် ဆန် ၄၃ အိတ်၊ လေးပြည်၊ ဆီ ၅၂ ဒသမ ၆၁ ပိဿာ၊ ဆား ၁၀ ဒသမ ၃၆ ပိဿာ၊ ငါးပိ ၅ ဒသမ ၁၄ ပိဿာ၊ ခေါက်ဆွဲခြောက်ထုပ် ၁၂၀ တို့ကို လေဘေးသင့်ပြည်သူများအား ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ အမှတ်(၂၂)တပ်မမှူး ဗိုလ်မှူးချုပ်တိုးဝင်း၊ ဘူးသီးတောင်တပ်နယ်မှူး ဗိုလ်မှူးကြီး တင်မိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များက ပေးအပ်ရာ လေဘေးသင့်ပြည်သူများက လက်ခံယူပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဘူးသီးတောင်တပ်နယ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ လေဘေးသင့်ပြည်သူများအား ဆေးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုကာ (ဝဲပုံ) အားပေးစကားများ ပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# ဗိုလ်မှူးချုပ် ခင်ဇော် မင်းပြားမြို့နယ်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကြည့်ရှု

**မင်းပြား မေ ၂၅**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်ဇော်သည် မေ ၂၄ ရက်က မင်းပြားမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ တွေ့ဆုံသည်။

ဗိုလ်မှူးချုပ်ခင်ဇော်က သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိနေမှုများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများကို ဆွေးနွေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများက တင်ပြကြသည်။

ထို့နောက် ဗိုလ်မှူးချုပ်ခင်ဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးစိုးမိုးနှင့်အဖွဲ့ဝင်များက မင်းပြားမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းဝင်းအတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲနေသည့်သစ်ပင်ကြီးများ၊ သစ်ကိုင်းများကို မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဝန်ထမ်းများက ခုတ်ထွင်ရှင်းလင်းနေမှုများကိုကြည့်ရှုပြီး **(အပေါ်ယာပုံ)** အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းအုပ်ဆရာမကြီးအား ကျောင်းဖွင့်ချိန်တွင် ကျောင်းသားများ အမိုးအကာ လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် ပျက်စီးမှုကို အချိန်မီပြုပြင်နိုင်ရန် မှာကြားခဲ့ကြောင်း သိရသည်။



သောင်းရွှေ(ပြန်/ဆက်)



# ဗိုလ်မှူးချုပ် ဝင်းကိုကို တီးတိန်မြို့၌ သဘာဝဘေးသင့်ပြည်သူများအား ဒုတိယအကြိမ် ထောက်ပံ့ပစ္စည်းပေးအပ်

**တီးတိန် မေ ၂၅**

ချင်းပြည်နယ် တီးတိန်မြို့၌ တီးတိန်ခရိုင် သဘာဝဘေး ပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့် တာဝန်ရှိသူများသည် အမှတ်(၂၆၉) ခြေလျင်တပ်ရင်းခန်းမ၌ မေ ၂၄ ရက်က တီးတိန်မြို့ သဘာဝဘေးသင့်ပြည်သူများအား ဒုတိယအကြိမ် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ဗိုလ်မှူးချုပ် ဝင်းကိုကိုက မုန်တိုင်းဒဏ်သင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ **(အပေါ်ပုံ)** သဘာဝဘေးသင့် ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ သဘာဝဘေးသင့်ပြည်သူများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သဘာဝဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြပြီး တီးတိန်မြို့၌ မိုခါမုန်တိုင်းတိုက်ခတ်စဉ် ကာလအတွင်း မိုးရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုများကြောင့် အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၁၃၄ ဦး၊ စာသင်ကျောင်း သုံးကျောင်း သဘာဝဘေးဒဏ်ကျရောက်ခဲ့ကြောင်း သိရသည်။ **မိုးမိုး**

# ဗိုလ်မှူးချုပ် ကျော်ကျော်ဦးနှင့် တာဝန်ရှိသူများ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးစာသင်ကျောင်းများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေး၊ ပျက်စီးမှုစာရင်းအား အတည်ပြုခြင်းနှင့် သွပ်ပြားများ ထောက်ပံ့ပေးအပ်

**မာန်အောင် မေ ၂၅**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသော တပ်မတော်(ရေ)ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ဟိန်းနှင့်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲက မိုခါမုန်တိုင်းကြောင့် အမိုးများပျက်စီးခဲ့သော ခအုန်းမော်ကျေးရွာအုပ်စု အ.လ.က ကျောင်း ပြုပြင်ဆဲ အခြေအနေ **(အောက်ပုံ)**နှင့် အ.ထ.က(ခွဲ) ဈေးတန်းမျက်နှာကြက်များ ပြုပြင်ပြီးစီးမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်မှူးချုပ် ကျော်ကျော်ဦးနှင့်အဖွဲ့သည် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မုန်တိုင်းကြောင့် ပျက်စီးမှုစာရင်းများအား ပြန်လည်စိစစ်အတည်ပြုအစည်းအဝေး ပြုလုပ်ရာ အခြေခံပညာကျောင်းများ ကျောင်းဖွင့်ရက်အမီ ပြီးစီးနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဗိုလ်မှူးချုပ် ကျော်ကျော်ဦးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သဘာဝဘေးကြိုတင်ထုတ်ပေးငွေနှင့် အလှူရှင်များ လှူဒါန်းထားသော သွပ်ပြားများမှ ကံတိုင်းအုပ် အ.မ.က ကျောင်းအတွက် ရှစ်ပေသွပ် ၂၅ ချပ်၊ အ.မ.က ဖိုင်ပင်အတွက် ရှစ်ပေသွပ် ၁၀ ချပ်၊ အ.ထ.က(ခွဲ) အိုးဝအတွက် ရှစ်ပေသွပ် ၃၈ ချပ်၊ အ.မ.က ကျီချောင်းဝအတွက် ရှစ်ပေသွပ် ၁၅ ချပ် စုစုပေါင်း ၈၈ ချပ်ကို သက်ဆိုင်ရာ ကျောင်းအကျိုးတော်ဆောင်များထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သိန်းဖေ(ပြန်/ဆက်)



**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မုန်တိုင်းသင့်ဒေသတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည့်တပ်ဖွဲ့ဝင်များအား လေးစားဂုဏ်ယူ

**သတင်းဆောင်းပါး - ဖိုးသံချောင်း**



မောင်တောမြို့နယ်ရှိ မုန်တိုင်းဒဏ်သင့် စာသင်ကျောင်းတစ်ကျောင်းကို ရှင်းလင်းနေသော တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ။

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် ၁၄-၅-၂၀၂၃ ရက်တွင် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ချင်းပြည်နယ် မတူပီမြို့အနီးမှလည်းကောင်း၊ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကသာမြို့အနီးမှလည်းကောင်း ဖြတ်သန်းဝင်ရောက်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်များသို့ ဆက်လက်ရွေ့လျားဝင်ရောက်ကာ မုန်တိုင်းဖြတ်သန်းသွားသော လမ်းကြောင်းပေါ်ရှိ မြို့နယ်အသီးသီးတို့တွင် မိုးသက်လေပြင်းများ ကျရောက်ပြီး လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ ရခိုင်ပြည်နယ်တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့ရာ ရခိုင်ပြည်နယ်မှ ၁၇ မြို့နယ်နှင့် ချင်းပြည်နယ်မှ လေးမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာခဲ့သည်။

### အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့

ဆိုင်ကလုန်းမုန်တိုင်း မိုခါမဖြစ်ပေါ်မီ ၆-၅-၂၀၂၃ ရက်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် ဦးဆောင်လျက် အရေးပေါ်အစည်းအဝေးကို ကျင်းပခဲ့ပြီး အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့သည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)ကိုဖွင့်လှစ်၍၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရာတွင် ထိရောက်မှုနှင့် လျင်မြန်စွာချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းကော်မတီ ၁၂ ရပ်မှ တာဝန်ရှိသူများဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)ကို ၈-၅-၂၀၂၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဒုတိယဥက္ကဋ္ဌ(၂)တို့၏ အနီးကပ်ကြီးကြပ်မှုများကြောင့် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအားလုံး စနစ်တကျ နှင့် ပိုင်နိုင်စွာ "ပွဲပြီး မီးသေ"ဖြစ်ခဲ့ရသည်။

### စီမံချက်အမျိုးအစားသုံးမျိုး

မုန်တိုင်းကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သည်ဆိုရာတွင် ကမ္ဘာပေါ်ရှိ ဖြစ်ပွားပေါ်ပေါက်ခဲ့သော သဘာဝဘေးအန္တရာယ်များ၊ တွေ့ကြုံခံစားခဲ့ရသည့် အတွေ့အကြုံမှတ်တမ်းများကို သုံးသပ်လေ့လာပြီး လက်တွေ့ကျသော ကြိုတင်ကာကွယ်ရေးဆိုင်ရာ စီမံချက်များ၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင် ဆောင်ရွက်ရမည့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစီမံချက်များ၊ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် စီမံချက်များ စသည့်စီမံချက်အမျိုးအစားသုံးမျိုးကို နှစ်စဉ် မိုးကြိုကာလတွင် မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှု၊ တောင်ပြိုမှုများ၊ မိုးအကုန် ဆောင်းအကူး ပွင့်လင်းရာသီတွင် မီးဘေးလုံခြုံရေးဆိုင်ရာများ၊ မိုးခေါင်ရေရှားဒေသများသို့ ရေပေးဝေရေးများ၊ ငလျင်ဘေးအန္တရာယ်များ စသည့် ဘေးအန္တရာယ်အမျိုးမျိုးတို့အပေါ် ကြိုတင်တွက်ဆ၍ အစီအမံများ ကြိုတင်ရေးဆွဲကာ ကြိုတင်သရုပ်ပြ လေ့ကျင့်ခြင်းများ၊ လူထုအသိပညာပေးဟောပြောခြင်းများ၊ သင်တန်းပို့ချခြင်းများအပါအဝင် ကြိုတင်ပြင်ဆင်မှုများကို ဘေးအန္တရာယ်ကျရောက်သည်ဖြစ်စေ၊ မကျရောက်သည်ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများက အမြဲ်အမြင်ရှိစွာ နှစ်စဉ်စီမံ ဆောင်ရွက်လျက်ရှိသည်။

### အသက်ဆုံးရှုံးမှုဖြစ်စဉ်များ အလွန်နည်းပါးခဲ့

ထို့ကြောင့်လည်း ရခိုင်ပြည်နယ်အတွင်း၌ မိုခါဆိုင်ကလုန်းမုန်တိုင်း မဖြစ်ပွားခင်နှင့် ဖြစ်ပွားနေဆဲအချိန်များတွင် ရခိုင်ပြည်နယ်အတွင်းရှိ ရှာဖွေကယ်ဆယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များမှ ကြိုတင်စုဖွဲ့ထားသော အင်အားဖြင့် မုန်တိုင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များဖြစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ စိစစ်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးခြင်း၊ အချိန်မီဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် မိုးသက်လေပြင်းများ ကျရောက်နေစဉ် ကြိုတင်ချမှတ်လေ့ကျင့်ထားသော ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်များအတိုင်း အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းများကြောင့် အများပြည်သူ၏ အသက်ဆုံးရှုံးမှုဖြစ်စဉ်များ အလွန်နည်းပါးခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

> **"သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ စိစစ်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးခြင်း၊ အချိန်မီဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် မိုးသက်လေပြင်းများ ကျရောက်နေစဉ် ကြိုတင်ချမှတ်လေ့ကျင့်ထားသော ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်များအတိုင်း အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းများကြောင့် အများပြည်သူ၏ အသက်ဆုံးရှုံးမှုဖြစ်စဉ်များ အလွန်နည်းပါးခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်"**

### နိုင်ငံတော်အဆင့် ကူညီကယ်ဆယ်ဆောင်ရွက်ပေး

သို့သော်လည်း အဆောက်အအုံများပျက်စီးခြင်း၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်မှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဘေးဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အဆင့် ကူညီကယ်ဆယ်ဆောင်ရွက်ပေးရမည်ကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုတင်ခန့်မှန်း သိရှိထားပြီးဖြစ်ရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ညွှန်ကြားချက်များကို မုန်တိုင်းမဝင်ရောက်မီ ကြိုတင်ကျင်းပကာ တပ်မတော်ရှိ တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့များတွင် ကူညီကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားခြင်း၊ ကူညီထောက်ပံ့ရေးဆိုင်ရာ ဆေးဝါး၊ ပစ္စည်းကိရိယာများကို ကြိုတင်စီမံထားခြင်းများ ဆောင်ရွက်ခဲ့သည်။

### စဉ်ဆက်မပြတ် ကွပ်ကဲကြပ်မတ်

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် "မြန်မာနိုင်ငံ အမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ"နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဖွဲ့စည်းထားသော "ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ" တို့တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေဖြင့်လည်း အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ထားသဖြင့် ရခိုင်ပြည်နယ်၏ ဘေးအန္တရာယ်သင့်ဒေသများကို အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မုန်တိုင်းမကျရောက်မီနှင့် မုန်တိုင်းကျရောက်နေစဉ် နယ်မြေခံကူညီကယ်ဆယ်ရေးအဖွဲ့များကို စဉ်ဆက်မပြတ် ကွပ်ကဲကြပ်မတ်ပေးခဲ့ကြသည်။

### ကူညီကယ်ဆယ်ရေးအဖွဲ့များစေလွှတ်

မုန်တိုင်းဖြစ်ပွားပြီးနောက်တွင်လည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအနေဖြင့် မီးသတ်တပ်ဖွဲ့မှ ကူညီကယ်ဆယ်ရေးအဖွဲ့များကို ပထမအသုတ်အနေဖြင့် အင်အား ၄၁၈ ဦးတို့အား ကူညီကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့်အတူ စေလွှတ်ဆောင်ရွက်ခဲ့ပြီး ဒုတိယအသုတ်ကိုလိုအပ်ပါက စေလွှတ်နိုင်ရေး အသင့်စုဖွဲ့ပြင်ဆင်ခဲ့သည်။ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ပိုမိုထိရောက်လျင်မြန်စွာဖြင့် အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်နှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း စွမ်းအားဖြည့်ဆောင်ရွက်

*စာမျက်နှာ ၁၁ သို့*

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၇ -၅ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅)၊ အမှတ်(၂၁)တွင် ဉာဏ်ပညာကြီးမားသည့် မင်းသားလေး ဒိဗ္ဗနှင့် စကားကို ချိုသာယဉ်ကျေးစွာ ပြောဆိုပါက တိရစ္ဆာန်ပင် ကျိုးနွံယဉ်ပါးလာပုံအကြောင်းကို တင်ဆက်ထားသည့် “နန်းညွန့်ရတနာ” မျက်နှာဖုံးကာတွန်း၊ ကလေးများ နေ့စဉ်ကြုံတွေ့နေရသော နေထိုင်စားသောက်မှုနှင့်သက်ဆိုင်သော အီကော်နောမစ်(Economic) အကြောင်းကို တင်ဆက်ထားသည့် “ကစ်ဒီနောမစ် (Kiddynomics)” သုတဆောင်းပါး၊ သဘာဝအရ ကျောကုန်းပေါ်၌ အခွံမာပါရှိ၍ အသွားနှေးသောလိပ်ကို ကဲ့ရဲ့ဝေဖန်ကြရာမှ ဒုက္ခနှင့်ကြုံတွေ့ချိန်တွင် အမြင်မှန်ရသွားသော ဖားနှင့် ငါးလေးတို့အကြောင်းကို တင်ဆက်ထားသည့် “ လိပ်နှင့်ဗျိုင်း” နှစ်မျက်နှာကာတွန်း မိမိမသိရှိသေးသော အကြောင်းအရာများကို အခြားသူများကို မေးမြန်းဆောင်ရွက်သင့်ကြောင်း တင်ဆက်ထားသည့် “မသိလျှင်မေးတတ်စေချင်သည်” ဝတ္ထု၊ မည်သည့်အရာမဆို ပျက်သည့်အချိန်မှ ပြင်မည့်အစား မပျက်စီးခင်ကပင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ကြောင်း တင်ဆက်ထားသည့် “ဖိုးလပြည့်” တစ်မျက်နှာကာတွန်း၊ သူတစ်ပါးကို ဒုက္ခရောက်စေရန် လှည့်ဖြားပြောဆိုပါက မိမိတွင်လည်း ဒုက္ခရောက်ရပုံအကြောင်းကို တင်ဆက်ထားသည့် “လှည့်ဖြားတတ်တဲ့မျောက်” ပုံပြင်၊ သူတစ်ပါးကို ကဲ့ရဲ့လွန်းသဖြင့် မိတ်ဆွေမရှိဘဲ အထီးကျန်စွာနေထိုင်ရသော ရှဉ့်လေးအကြောင်းကို တင်ဆက်ထားသည့် “အထီးကျန်” နှစ်မျက်နှာကာတွန်း၊ မြေးကိုချစ်လွန်း၍ အလိုလိုက်ထားရာမှ ဒုက္ခရောက်ရပုံကို အတုယူဖွယ်တင်ဆက်ထားသည့် “ရွှေပိုး-ဘိုးဘိုးချစ်” နှစ်မျက်နှာ ကာတွန်း၊ Preposition အချို့၏ အသုံးအနှုန်းများကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် “ရွှေသွေးအင်္ဂလိပ်သဒ္ဒါ” အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံ ပြန်လည်ထူထောင်ရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**ပုဏ္ဏားကျွန်း မေ ၂၅**

မေ ၁၄ ရက်က မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ ၂၃၀ ကေဗွီပင်မဓာတ်အားခွဲရုံ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာနှင့်ကျွမ်းကျင် လုပ်သားများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနမှ အင်ဂျင်နီယာနှင့် ကျွမ်းကျင်လုပ်သား



၅၆၇ ဦးတို့က ပုဏ္ဏားကျွန်းပင်မ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ Control Room နှင့် Switch Yard အတွင်းလုပ်ငန်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်မှုလုပ်ငန်း၊ တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်း ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို မေ ၁၅ ရက်မှစတင်၍ နေ့ညမနား ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့နယ်ရှိ တာဝါတိုင်အမှတ် (၄၂၄)နှင့်(၄၂၅)တို့ကို ဖယ်ရှားဆောင်ရွက်ခြင်း၊ ပျက်စီးခဲ့သော ဖောင်ဒေးရှင်းများ ပြန်လည်ပြုပြင်ခြင်း၊ ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်းတွင် တာဝါတိုင်ပေါင်း ၄၄၈ တိုင်ရှိသည့်အနက် ပြိုကျပျက်စီးခဲ့သော တာဝါတိုင် ၁၂ တိုင်၊ တာဝါထိပ်ပိုင်းပျက်စီးခဲ့သည့် တာဝါတိုင်နှစ်တိုင်ကို အစားထိုးခြင်း၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း- စစ်တွေ အမှတ်(၁)ဓာတ်အားလိုင်းတွင် ကွန်ကရစ်တိုင်ပေါင်း ၈၁၂ တိုင် ရှိသည့်အနက် လဲကျပျက်စီးခဲ့သည့် ဓာတ်အားတိုင် ၁၀၆ တိုင် အစားထိုး ပြုပြင်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မှူး ဦးမိုးကျော်သူထံမှ သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

## ပဲခူးမြို့နယ်၌ သန်းခေါင်စာရင်းယူနစ်များရေးဆွဲခြင်းဆောင်ရွက်

**ပဲခူး မေ ၂၅**

ပဲခူးမြို့နယ်အတွင်း သန်းခေါင်စာရင်းယူနစ်များ ရေးဆွဲခြင်းလုပ်ငန်းကို မေ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စတင်ဆောင်ရွက်ကြသည်။

သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် သန်းခေါင်စာရင်းယူနစ်များရေးဆွဲခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန(နေပြည်တော်)မှ ဌာနခွဲစာရေး ဦးခီးရယ် ဦးဆောင်သည့်အဖွဲ့နှင့် ပဲခူးမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပဲခူးမြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၊ ပဲခူးခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူးဒေါ်ဖြူဖြူအေး၊ ပဲခူးမြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းလိုအပ်သည်များ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။**(အောက်ပုံ)** **တင်စိုး(ပဲခူး)**



## မြန်အောင်မြို့ မြို့မနေခြည်စျေး၌ လေပွေတိုက်ခတ်၍ စျေးဆိုင်ခန်းများပျက်စီး

**မြန်အောင် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၃)ရပ်ကွက် မြို့မနေခြည်စျေး၌ မေ ၂၄ ရက် ညနေပိုင်းက လေပွေတိုက်ခတ်မှုကြောင့် ဆိုင်ခန်း ၂၁ ခန်းနှင့် ( ၈၀ x ၁၃) ပေရှိ အသားငါးရုံစျေးတန်းမှာ အမိုးများ၊ ထုပ်တန်းများ ပျက်စီးခဲ့ပြီး စျေးအိမ်သာသွပ်အမိုးများ လန်ထွက်ခဲ့ကြောင်း သိရသည်။

မြို့မနေခြည်စျေးတွင် လေပွေတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သိန်း ၂၀ ခန့်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စျေးသူ စျေးသားများ ပူးပေါင်း၍ အမြန်ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လူနှင့် တိရစ္ဆာန်ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

နိုင်ရန် ထပ်မံ၍ အင်အား ၁၃၁ ဦးတို့အား စေလွှတ်ပေးနိုင်ခဲ့မှုကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၏ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် အင်အား ၅၄၉ ဦးတို့သည် သဘာဝဘေးအန္တရာယ်သင့်ဒေသတို့တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်သူလူထု၏ လိုအပ်ချက်အပေါ် မူတည်၍ အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သည်။

**နှစ်ထောင်းအားရ ကျေနပ်ဖွယ်ရှိ**

အလားတူ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့်လည်း တပ်ဖွဲ့/ ဦးစီးဌာနများအလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ “အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ”မှ လုပ်ငန်းကော်မတီ ၁၂ ရပ်ကို ခွဲခြမ်းစိတ်ဖြာလျက် အသေးစိတ်လုပ်ငန်းတာဝန်များကို ဥပဒေအရပေးအပ်ထားပြီးဖြစ်ရာ လူအင်အား၊ နည်းပညာစွမ်းအားနှင့် စက်ပစ္စည်းကိရိယာများဖြင့် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ အပါအဝင် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် အချိန်နှင့်တစ်ပြေးညီ တက်ညီလက်ညီ ဘက်စုံကဏ္ဍစုံ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။

အနှစ်ချုပ်ဆိုရလျှင် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှု ရှိမရှိကို အမြဲမပြတ်စောင့်ကြည့်လေ့လာပြီး ယင်းအန္တရာယ်ဖြစ်ပေါ်လာနိုင်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ထုတ်ပြန်ကြေညာနိုင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများမှ ပြည်သူလူထုကို အချိန်မီ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားနိုင်ခြင်း၊ ဘေးအန္တရာယ်ကာကွယ်နိုင်သည့် နည်းလမ်းများအတိုင်း နေထိုင်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်သည်နှင့်တစ်ပြိုင်နက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးသက်သာစေရေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအပြင် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ထားမှုများနှင့်အညီ ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ဘေးသင့်ပြည်သူများလက်သို့ နိုင်ငံတော်မှ အထောက်အပံ့များနှင့် စေတနာရှင်များ၏ ဝိုင်းဝန်းလှူဒါန်းသည့် စားရေရိက္ခာ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ပစ္စည်းများ စနစ်တကျ အချိန်မီရောက်ရှိခြင်း၊ အရေးပေါ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုနှင့် ယာယီနေထိုင်ရေး စသည့် ဂေဟာစနစ်အတွက် အခြေခံကျသော ဝန်ဆောင်မှုများ အခမဲ့ပေးသည့်အပြင် အချိန်မီရရှိခြင်း၊ ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ ဆောင်ရွက်ခြင်းများကို မဖြစ်မီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက် အချိန်အပိုင်းအခြားအပေါ် မူတည်၍ သာမန်အခြေအနေ၊ အရေးကြီး အခြေအနေနှင့် အရေးပေါ်အခြေအနေများ ခွဲခြားသတ်မှတ်၍ ဦးစားပေးကဏ္ဍအလိုက် စနစ်တကျ စီမံဆောင်ရွက်နိုင်မှုများသည် နှစ်ထောင်းအားရ ကျေနပ်ဖွယ်ရှိသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် တပ်မတော်မှ အသင့်စီမံ၍ ကြိုတင်စုဖွဲ့ထားသော ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း ရခိုင်ပြည်နယ်၏ လူမှုစီးပွားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအရေးပေါ် ကုသစောင့်ရှောက်မှုပေးခြင်း၊ လေဘေးကြောင့် ယာယီရွှေ့ပြောင်းနေရသူများအတွက် ယာယီနေထိုင်ရေး အဆောက်အအုံများကို စီမံဆောင်ရွက်ပေးလျက်ရှိရာ တပ်မတော်(လေ)နှင့် တပ်မတော်(ရေ)တို့မှ ပို့ဆောင်ရေးဆိုင်ရာ လေယာဉ်နှင့် ရေယာဉ်များကလည်း စွမ်းအားပြည့် ကူညီပံ့ပိုးပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေး၊ သာသနိကအဆောက်အအုံများ၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ ပညာရေးဆိုင်ရာ အဆောက်အအုံများတွင် ပုံမှန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ကို ဦးစားပေးအစီအစဉ်များအလိုက် ကူညီဆောင်ရွက်လျက်ရှိ၍ သဘာဝဘေးအန္တရာယ်သင့် ဒေသများတွင် ပုံမှန်အခြေအနေသာမက မူလအခြေအနေထက်ပင် ပိုမိုကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်စေရေးအတွက် ကြိုးပမ်းနေကြသည့် သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို တွေ့မြင်ရသည်မှာ အားရဂုဏ်ယူဖွယ်ဖြစ်သောကြောင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ မုန်တိုင်းသင့်ဒေသများ၏ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည့် တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အထူးရှာဖွေကယ်ဆယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များအား လေးစားဂုဏ်ယူလျက်ရှိနေပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# သဘာဝဘေးသင့်ဒေသများမှ ပြည်သူများ မူလအခြေအနေပြန်လည်ရောက်ရှိသည်အထိ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရမည်



**နေပြည်တော် မေ ၂၅**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်သည်။ **(ယာပုံ)**

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် တိုက်ခတ်ခဲ့သော မိုခါဆိုင်ကလုန်းမုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး မုန်တိုင်းလမ်းကြောင်းရှိ ရခိုင်၊ ဧရာဝတီ၊ ချင်း၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မုန်တိုင်းဒဏ်ကို သိသိသာသာခံစားခဲ့ရပါကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ လူနေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ သာသနိက အဆောက်အဦများ၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဆက်သွယ်ရေး တာဝါတိုင်များ၊ လမ်းတံတားများ၊ ဈေးများပျက်စီးခဲ့ကြောင်း၊ သဘာဝဘေးမဖြစ်မီ ကြိုတင်မျှော်မှန်းကာ အစီအမံများ ပြင်ဆင်ခဲ့သည့်အတွက် ဆိုးရွားစွာ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်ခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း၊ အဆိုပါ သဘာဝဘေးသင့်ဒေသများမှ ပြည်သူများ မူလအခြေအနေ ပြန်လည်ရောက်ရှိသည်အထိ မိမိတို့ လုပ်ငန်းကော်မတီမှ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

ယခုအချိန်တွင် မုန်တိုင်းဒဏ်ခံခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့နယ်များကို သိရှိရပြီးဖြစ်သည့်အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် အမြန်ဆုံးဆောင်ရွက်ကြရန် အထူးအလေးထားမှာကြားလိုပါကြောင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုအပေါ်မူတည်၍ နေရာဒေသများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစားပေးအဆင့် သတ်မှတ်ကာ တစ်ဆင့်ချင်း စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မုန်တိုင်းသင့်ဒေသများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုများ၊ လက်ရှိဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းများကိုလည်းကောင်း၊ တက်ရောက်လာကြသော ဦးစီးဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မုန်တိုင်းသင့်ဒေသများတွင် အမှန်တကယ်ဆောင်ရွက်ပေးနေသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် အကြံပြုချက်များကိုလည်းကောင်း ဝိုင်းဝန်းရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးအကြံပြုမှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသော ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများ အမြန်ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ဦးစီးဌာနများ၏ ရုံးနှင့် အိမ်ရာအဆောက်အဦများ၊ ရေရရှိရေး၊ မီးလင်းရေး၊ လမ်း၊ တံတား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်နိုင်ရန် အားလုံးတက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြုပြင်စရိတ်ကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရုံးနှင့် အိမ်ရာ အဆောက်အဦများ၊ လမ်းတံတားများ၊ ရေရရှိရေးလုပ်ငန်းများ၊ မီးလင်းရေးလုပ်ငန်းများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ရုံးနှင့်အိမ်ရာအဆောက်အဦများကို ပြုပြင်ရန်အစီအစဉ်များနှင့် ပြန်လည်ပြင်ဆင်တည်ဆောက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) ထုတ်ပေးနေမှု ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၅**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရွှေ့ပြောင်း အလုပ်သမားဌာနစု (မြောက်ဒဂုံ) ပင်လုံခန်းမနှင့် မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနရုံးတွင် ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ် (Overseas Worker Identification Card-OWIC) ထုတ်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများကို OWIC ထုတ်ပေးမှုအဆင်ပြေချောမွေ့စေရေး စနစ်တကျ စီမံဆောင်ရွက်ရန်နှင့် လာရောက်ထုတ်ယူသူများ စနစ်တကျရှိရေး အလေးထား ဆောင်ရွက်ရန်၊ ဦးစီးဌာနမှ ထုတ်ပြန်ကြေညာချက်များကို သိရှိမှတ်သားလိုက်နာဆောင်ရွက်နိုင်ရေး အသိပေးဆောင်ရွက်ရန်၊ စေတနာထား၍ အလေးထား ဆောင်ရွက်ပေးရန် မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည်OWICလာရောက်ထုတ်ယူသူများနှင့် တွေ့ဆုံပြီး ပြည်ပအလုပ်အကိုင်ရှာဖွေသူများ အနေဖြင့် ပြည်ပသို့ စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်ရေး၊ ပြည်ပအလုပ်အကိုင်အမျိုးအစားအလိုက် ရရှိခဲ့သောအတွေ့အကြုံနှင့် နည်းပညာများ၊ အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျ ပြန်လည်အသုံးချဆောင်ရွက်ရေး၊ ပြည်ပရောက် မြန်မာနိုင်ငံသား အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ရေး ကောင်းမွန်စွာ သိရှိနားလည်ရန်လိုကြောင်း၊ ပြည်ပတွင် လုပ်ကိုင်နေစဉ် အခက်အခဲရှိပါက ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများနှင့် အလုပ်သမား သံအရာရှိများထံ ဆက်သွယ်ဆောင်ရွက်ရန်၊ မိမိအစီအစဉ်ဖြင့် အလုပ်သွားရောက်လုပ်ကိုင်သူ အလွန်များပြားလာသဖြင့် OWIC ထုတ်ပေးရေးလုပ်ငန်းစဉ်ကို တိုးချဲ့ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများကို OWIC ကတ်လျှောက်ထားထုတ်ယူရေးသတင်းစကား ဖြန့်ဝေပေးရန် မှာကြားသည်။

OWIC ကတ်ကို သက်တမ်း ငါးနှစ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့်သူများကို စနစ်တကျ မှတ်ပုံတင်ထားရှိရေး၊ ပြည်ပနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားစာရင်းများ ရရှိရေး၊ အလုပ်သမားစေလွှတ်သည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ ဝင်ငွေခွန်များ၊ ကုန်သွယ်ခွန်များကို စနစ်တကျပေးဆောင်စေ၍ နိုင်ငံတော်အတွက် ဝင်ငွေများရရှိစေရေး၊ ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာလုပ်သားများအကူအညီတောင်းခံလာပါက အချက်အလက်များကို စစ်ဆေး၍ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံအလိုက် လုပ်သားထွက်ခွာမှု စာရင်းများမှတစ်ဆင့် လိုအပ်သည့် မူဝါဒများ ရေးဆွဲချမှတ်နိုင်ရေးအတွက် Data Server တွင် အချက်အလက်များ သိမ်းဆည်း၍ ထုတ်ပေးလျက်ရှိသည်။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီအစီအစဉ်ဖြင့် စေလွှတ်သည့် အလုပ်သမားများအတွက် ရွှေ့ပြောင်းအလုပ်သမားဌာနစု (မြောက်ဒဂုံ) ပင်လုံခန်းမတွင် ထုတ်ယူနိုင်ပြီး မိမိအစီအစဉ်ဖြင့် သွားရောက်လုပ်ကိုင်မည့် ကျွမ်းကျင်အလုပ်သမားများ၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိရာမှ ခွင့်ပြန်လာသည့် အလုပ်သမားများနှင့် PJ Passport ကိုင်ဆောင်ထားပြီး အမြဲတမ်းနေထိုင်ခွင့်ပါမစ်ဖြင့် နေထိုင်လုပ်ကိုင်နေသူများအတွက် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွင် သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ ***ကျောက်ဖြူမှ***

ယနေ့ ညနေပိုင်းတွင် MCL-5 ရေယာဉ်သည် သစ်ခွဲသား ၂၀၉ တန်၊ သွပ်ချပ် ၁၀၆၂၉၀၊ ဆန်အိတ် ၁၉၇၃၀၊ မိုးကာတဲ ၃၇၂ လုံး၊ မိုးကာလိပ် ၆၈ လိပ်၊ အိမ်ရိုက်သံ ၁၁ ဒသမ ၇ တန်၊ သွပ်ရိုက်သံ ၂၁ တန်၊ ခေါက်ဆွဲခြောက် ၆၁ ဖာ၊ ကရိန်းကား သုံးစီး၊ ကောဘယ်လိပ် ၂၀ နှင့် ဆက်စပ်ပစ္စည်းအခု ၁၅၆၀၊ စုစုပေါင်းတန် ၂၄၀၀ တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။

**ပို့ဆောင်ပေး**

ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ၏ စီစဉ်မှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် TMT ဆိပ်ခံတံတားမှ ရခိုင်ပြည်နယ်သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ စစ်ရေယာဉ် (မုတ္တမ)၊ စစ်ရေယာဉ် (မဟာဗန္ဓုလ)၊ စစ်ရေယာဉ် (ပြည်တော်အေး ၂)၊ တပ်ဖွဲ့တင်ရေယာဉ် (ချင်းတွင်း)၊ ထောက်ပံ့ရေးရေယာဉ် (၆၀၃)၊ (၆၀၄)၊ MV. AQUA-RIOUS၊ MV.FORTUNE၊ MV.SUN SHINE၊ MCL-5 ရေယာဉ်တို့ဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၁၂၉၄ ဒသမ ၈ တန်နှင့် ခိုင်ခိုင်ဖြိုး (၃၃)၊ (၃၄) ရေယာဉ်များဖြင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်အား စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၀) ကြိမ်မြောက် NEVSKY အပြည်ပြည်ဆိုင်ရာ ဂေဟဗေဒဆိုင်ရာညီလာခံ၏ "ရေသည် အနာဂတ်၏ အဓိကအရင်းအမြစ်" ဟူသော စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၅**

(၁၀) ကြိမ်မြောက် NEVSKY အပြည်ပြည်ဆိုင်ရာ ဂေဟဗေဒဆိုင်ရာညီလာခံကို မေ ၂၅ ရက်မှ ၂၆ ရက်အထိ ရုရှားနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ၍ Hybrid စနစ်ဖြင့် ကျင်းပလျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ကျင်းပသည့် အဆိုပါ ညီလာခံ၏ "ရေသည် အနာဂတ်၏ အဓိက အရင်းအမြစ်" ဟူသော စားပွဲဝိုင်းဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် နိုင်ငံနှင့်အဖွဲ့အစည်း ၂၁ ခုမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြို့တော်ဝန်များ၊ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်သည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ပေါကြွယ်ဝသော နိုင်ငံဖြစ်ပြီး အာရှရေချိုအရင်းအမြစ်၏ ၁၂ ရာခိုင်နှုန်း၊ အာဆီယံ ရေချိုအရင်းအမြစ်၏ ၁၆ ရာခိုင်နှုန်း ပိုင်ဆိုင်ထားကြောင်း၊ ယနေ့ခေတ် ရာသီဥတု ပြောင်းလဲမှုကြောင့် နိုင်ငံအသီးသီးတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ရေပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရေမူဝါဒ၊ မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲမှုတို့အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် အမျိုးသားအဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီတို့ကို ဖွဲ့စည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ရေအရင်းအမြစ်များ ထိန်းသိမ်းနိုင်ရေးအတွက် သဘာဝစမ်းရေတွင်းများ၊ ရေထွက်များနှင့် ရေတိမ်ဒေသများ ထိန်းသိမ်းရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှုများသည် မြစ်ချောင်းများနှင့် အဏ္ဏဝါပင်လယ်ပြင်ရှိ ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုရှိပြီး အဏ္ဏဝါပလတ်စတစ်အမှိုက်များကို လျှော့ချနိုင်ရေးအတွက် အမျိုးသားအဆင့် ပလတ်စတစ် လုပ်ငန်းအစီအစဉ်ကို ရေးဆွဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘက်စုံရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံအသီးသီးမှ တက်ရောက်လာသော ကိုယ်စားလှယ်များက စီးပွားရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၏ အခြေခံတစ်ခုဖြစ်သည့် ရေနှင့်ရေအရင်းအမြစ်များ စီမံခန့်ခွဲမှု၊ ရေအရည်အသွေးနှင့် သန့်စင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး၊ ကမ်းရိုးတန်းခရီးသွားလုပ်ငန်း၊ ရေအရင်းအမြစ် အသုံးချမှုနှင့် ဆက်နွှယ်သည့် ဘဏ္ဍာငွေထောက်ပံ့မှု၊ ရေဂေဟစနစ်ဆိုင်ရာ အသိအမြင် မြှင့်တင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း အား UNICEF မှ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယဌာနေကိုယ်စားလှယ် Ms. Alessandra Dentice၊ ဒေသဆိုင်ရာကျန်းမာရေးနှင့်အာဟာရကျွမ်းကျင်ပညာရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ



**နေပြည်တော် မေ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် United Nations Children Fund (UNICEF)မှ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယဌာနေ ကိုယ်စားလှယ် Ms. Alessandra Dentice ၊ ဒေသဆိုင်ရာကျန်းမာရေးနှင့်အာဟာရကျွမ်းကျင်ပညာရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မိုခါမုန်တိုင်းသင့်ဒေသများတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းများအား UNICEF အဖွဲ့မှ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နိုင်ငံတစ်ဝန်း ကာကွယ်ဆေး လွှမ်းခြုံမှုတိုးမြှင့်နိုင်ရေး အမီလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းများ အပါအဝင် ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် ကျောင်းတွင်း အာဟာရကျွေးမွေးရေးအစီအစဉ်များ အပါအဝင် အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် UNICEF တို့အကြား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုအားကောင်းစေရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဘုရားကြီးဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ်၊ ဆေးကုသရေးအဖွဲ့များက သံဃာတော် ၄၈ ပါးနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၅၆ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်) အမှတ်စဉ်(၁ / ၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) အမှတ်စဉ်(၁ / ၂၀၂၃) မှ သင်တန်းသားများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**နေပြည်တော် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီးသို့လေ့လာရေးခရီး ရောက်ရှိနေသော အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်) အမှတ်စဉ် (၁/၂၀၂၃) နှင့် အခြေခံလေကြောင်းလူငယ် သင်တန်း (အငယ်တန်းအဆင့်) အမှတ်စဉ် (၁/၂၀၂၃)တို့မှ သင်တန်းသားသင်တန်းသူများအား သင်တန်းကာလနှင့် လေ့လာရေးခရီးစဉ်များ ပြီးမြောက်၍ တပ်မတော်လေယာဉ်/ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများသို့ ပြန်လည်ရောက်ရှိကြရာ



တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် သက်ဆိုင်ရာ သင်တန်းစခန်း အသီးသီးရှိ တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည် အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုခါမုန်တိုင်းဒဏ်သင့်ဒေသများသို့ ကူညီထောက်ပံ့နိုင်ရန် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း



မုန်တိုင်းသင့်ဒေသရှိ ပြည်သူများအတွက် သရုပ်ဆောင် မမဆောင်း အလှူငွေပေးအပ်လှူဒါန်းစဉ်။



မုန်တိုင်းသင့်ဒေသရှိ ပြည်သူများအတွက် သရုပ်ဆောင် နေဒွေး အလှူငွေပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မိုခါမုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန် အလှူငွေနှင့်ပစ္စည်းများ လက်ခံလျက်ရှိရာ အကယ်ဒမီ ခန့်စည်သူနှင့် ဓမ္မမိတ်ဆွေများက သိန်း ၅၀၊ အိမ်ထောင်ဇာတ်လမ်းတွဲအဖွဲ့က ၃၂ သိန်း၊ သရုပ်ဆောင် ခိုင်နှင်းဝေက သိန်း ၄၀ ခန့် တန်ဖိုးရှိ သွပ်အချပ် ၅၀၀၊ မမဆောင်း သိန်း ၃၀၊ ပြေတီဦးနှင့် အိန္ဒြာကျော်ဇင် သိန်း ၂၀၊ စိန်ခြင်္သေ့ ဦးခင်မောင်လေးက တစ်တင်းခွဲ ပါ ဆန် ၁၀ အိတ်နှင့် ရန်အောင်၊ နေဒွေး၊ စိုးမြတ်သူဇာ၊ ဝတ်မှုံရွှေရည် စသည်ဖြင့် တစ်ဦးချင်းအလှူရှင်များကလည်း ငွေနှင့်ပစ္စည်းများ အသီးသီးလာရောက်လှူဒါန်းခဲ့သည်။ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း သရုပ်ဆောင် ခိုင်သင်းကြည်၊ ဖွေးဖွေး၊ ယုသန္တာတင်၊ ခင်ဝင့်ဝါ၊ နော်ဖောအယ်ထား၊ မြင့်မြတ်၊ စံရတီမိုးမြင့်၊ ရွှေထူးနှင့် ရွှေမှုံရတီ စသည်ဖြင့် အနုပညာရှင်များက ငွေလွှဲလှူဒါန်းကြသည်။

ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်–

**ငွေလှူဒါန်းရန်**

| | |
|---|---|
| ဦးသန်းဌေး (ဘဏ္ဍာရေးမှူး) | – 09 428555888 (KBZPay Acc No) |
| KBZ Special Account | – 00751300704605801 |
| KBZ Account | – 00750300704605801 |

**ပစ္စည်းလှူဒါန်းရန်**

| | |
|---|---|
| ဦးဇော်မင်း(ဟံသာမြေ) | – 09 960014815 |
| ဦးဇော်မြင့်ဦး | – 09 5006914 |
| ဒေါ်တူး | – 09 420052836 |
| ဒေါ်သူသူမြတ်စိုး | – 09 895635953 |

ထို့အတူ မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများ ကူညီနိုင်ရန်အတွက် ရုပ်ရှင် ဂီတ သဘင် ပူးပေါင်း၍ ရန်ပုံငွေပဒေသာကပွဲကို ၂၀၂၃ ခုနှစ် ဇွန် (၂၊ ၃၊ ၄) ရက် ညနေ ၆ နာရီမှစတင်၍ နာမည်ကြီးသရုပ်ဆောင်များ၊ တေးသံရှင်များ၊ သဘင်ပညာရှင်များက ပါဝင်ကပြဖျော်ဖြေမည်ဖြစ်ကြောင်း၊ ပွဲကြည့်ပရိသတ်များ သွားလာရေးအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များ ပြေးဆွဲနိုင်ရေးကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မုန်တိုင်းသင့်ဒေသရှိ ပြည်သူများအတွက်
သရုပ်ဆောင် စိုးမြတ်သူဇာ အလှူငွေပေးအပ်လှူဒါန်းစဉ်။



## ပူတာအိုမြို့နယ် ဆန်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်က စပါးတန်ချိန် ၁၈ တန်ကျ ဆန်စက် တည်ဆောက်ပြီးစီး

**ပူတာအို မေ ၂၅**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းဝမ်းစာဖူလုံရေးအတွက် ရည်ရွယ်၍ လုံးစွတ်ရပ်ကွက်ရှိ ဆန်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် တစ်ရက်ပျမ်းမျှ စပါးတန်ချိန် ၁၈ တန်ကျ (မြင်းကောင်ရေ ၂၈ ဒသမ ၅ ကီလိုဝပ်) ဆန်စက်အား တည်ဆောက်ပြီးစီးခဲ့ပြီး စတင်စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆန်စက်လုပ်ငန်းမှ တစ်ရက်လျှင် စပါးတင်း ၃၅၀ ကြိတ်ခွဲထုတ်လုပ်နိုင်ပြီး တစ်နှစ်ပျမ်းမျှ စပါးတင်းပေါင်း တစ်သိန်းကျော် ကြိတ်ခွဲထုတ်လုပ်နိုင်မည်ဖြစ်ရာ အသင်းအနေဖြင့် စပါးများကြိတ်ခွဲပေးခြင်း၊ စပါးပေါ်ချိန်တွင် တောင်သူများထံမှ ပေါက်ဈေးဖြင့် ဝယ်ယူ၍ ကြိတ်ခွဲရောင်းချပေးခြင်း၊ ဆန်ကြိတ်ခွဲရာတွင် ထွက်ရှိလာသည့် စပါးခွံများနှင့် ဖွဲနုများကို တိရစ္ဆာန်အစာအဖြစ် ပြန်လည်ဖြန့်ဖြူးရောင်းချပေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာရှဖလား ယူ -၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စုကျပ်အတွင်း ကျရောက်

**ရန်ကုန် မေ ၂၅**

၂၀၂၃ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို မေ ၂၅ ရက်က ကျင်းပရာ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သည်။

ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၄၃ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ လေးသင်းအုပ်စု ၁၀ ခုနှင့် သုံးသင်းတစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တောင်ကိုရီးယား၊ ကာဂျစ္စတန်၊ ကာတာအသင်းတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်နေသည်။ ခြေစစ်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၁၂ ရက်အတွင်း ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု (B) ပွဲစဉ်များကို တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် ဂျော်ဒန်၊ ဆီးရီးယား၊ အိုမန်၊ ဘရူနိုင်း၊ အုပ်စု (B) တွင် တောင်ကိုရီးယား၊ မြန်မာ၊ ကာဂျစ္စတန်၊ ကာတာ၊ အုပ်စု (C) တွင် ဗီယက်နမ်၊ စင်ကာပူ၊ ယီမင်၊ ဂူအမ်၊ အုပ်စု (D) တွင် ဂျပန်၊ ဘာရိန်း၊ ပါလက်စတိုင်း၊ ပါကစ္စတန်၊ အုပ်စု (E) တွင် ဥဇဘက်ကစ္စတန်၊ အီရန်၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ အုပ်စု (F) တွင် အီရတ်၊ ကူဝိတ်၊ တီမော၊ မကာအို၊ အုပ်စု (G) တွင် ယူအေအီး၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ တရုတ်၊ အုပ်စု (H) တွင် ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ အုပ်စု (I) တွင် ဩစတြေးလျ၊ တာဂျစ်ကစ္စတန်၊ လာအို၊ မြောက်ကိုရီးယား၊ အုပ်စု (J) တွင် ဆော်ဒီအာရေဗျ၊ ကမ္ဘောဒီးယား၊ လက်ဘနွန်၊ မွန်ဂိုလီးယား၊ အုပ်စု (K) တွင် တာ့ခ်မင်နစ္စတန်၊ အင်ဒိုနီးရှားနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ၂၀၁၄ ပြိုင်ပွဲတစ်ကြိမ်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ၂၀၁၆၊ ၂၀၁၈၊ ၂၀၂၀ နှင့် ၂၀၂၂ ပြိုင်ပွဲတို့တွင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။ မြန်မာအသင်းသည် မေလအတွင်းက ကျင်းပပြီးစီးခဲ့သည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းကို အခြေခံကာ ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရဲရင့်လွင်**

◆ *ကျောဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ဝေယံက GFA အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး GFA အသင်းသည် ဂိုးပြန်မပေးရရန် ပိတ်ဆို့ကစားခဲ့သော်လည်း ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဂိုးပြန်ပေးခဲ့ရသည်။ မြဝတီအသင်းအတွက် ၉၀+၃ မိနစ်တွင် အောင်သူက သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ဧရာဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ပထမပိုင်းသွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး ယခုရာသီ ဒုတိယမြောက်နိုင်ပွဲရရှိခဲ့သည်။ ဧရာဝတီအသင်းမှာမူ ရာသီအစ ခြောက်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးပြီး တန်းဆင်းဇုန်ထဲမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ပွဲအစ ၇ မိနစ်တွင် အံ့မော်ဦး၊ ၂၃၊ ၄၅+၁ မိနစ်တို့တွင် သက်ဟိန်းစိုးက အနိုင်ဂိုးများ သွင်းယူခဲ့သည်။

ပွဲစဉ် (၆) ဒုတိယနေ့အဖြစ် မေ ၂၆ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ဒဂုံစတားအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ – MNL**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ မေ ၂၄ ရက်တွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်နှင့် ဟားခါးမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ်သည့် ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**




ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။

ထို့အတူ ယနေ့တွင် ရသေ့တောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်းသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲသွားသည့် သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မြောက်ဦးခရိုင် မင်းပြားမြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် မင်းပြားမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ မြို့နယ်ရှိ ကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်းရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ သာသနိကအဆောက်အဦများနှင့် ဌာနဆိုင်ရာအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြိုလဲသွားသည့် သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မြောက်ဦးခရိုင် မာန်အောင်မြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ခအုန်းမော်ကျေးရွာအုပ်စုအတွင်းရှိ စာသင်ကျောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် အစည်းအဝေးပြုလုပ်ကာ ပြည်နယ်အစိုးရအဖွဲ့သဘာဝဘေး ကြိုတင်ထုတ်ပေးငွေနှင့် အလှူရှင်များက လှူဒါန်းထားသည့် သွပ်များကို စာသင်ကျောင်းများအား ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် မေ ၂၅**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် ၎င်းတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာ ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေး အခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**



# နေပြည်တော် မီးသတ်ဦးစီးမှူးရုံး၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် မီးသတ်ဦးစီးမှူးရုံးက ကြီးမှူးကျင်းပသည့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က နေပြည်တော် ဥတ္တရခရိုင် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်က အမှာစကားပြောကြားပြီး နေပြည်တော် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးသန့်နှင့် သင်တန်းဆရာမ ဒေါ်စုနန္ဒာငြိမ်းတို့က သင်တန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ နေပြည်တော်အတွင်းရှိ ဝန်ထမ်းများနှင့် မိသားစုဝင် စုစုပေါင်း ၃၁ ဦး တက်ရောက်ကြပြီး မေ ၂၄ ရက်မှ ၂၆ ရက်အထိ ၃ ရက်ကြာ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် မေ ၂၅**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား ဒုတိယကမ္ဘာစစ်အပြီး ပြန်လည်တည်ထားကိုးကွယ်ခဲ့သည်မှာ (၇၅)နှစ်ပြည့် စိန်ရတုအဖြစ် ရောက်ရှိခဲ့ပြီဖြစ်ကာ စိန်ရတုအထိမ်းအမှတ်အဖြစ် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ပွဲအခမ်းအနားကို ၁၃၈၅ ခုနှစ် နယုန်လပြည့်(မဟာသမယအခါတော်နေ့) ဇွန်၂ ရက် နံနက်တွင် ဆိပ်ကမ်းဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် မေ ၂၈ ရက်မှ ဇွန် ၁ ရက်တွင် အသံမစဲမဟာပဋ္ဌာန်းတော်ကြီးရွတ်ဖတ်ပူဇော်ခြင်း၊ (၇၅)နှစ်ပြည့်စိန်ရတုအထိမ်းအမှတ်ဓမ္မပူဇာအဖြစ် အင်္ဂလိပ်ဘာသာပြန်ပိဋကတ်သုံးပုံအား ဆင်ရတနာဖြင့် ပင့်ဆောင်၍ စေတီတော်ကြီး ရှေ့ပတ်လမ်းမှ လက်ယာရစ်လှည့်လည်ပူဇော်ခြင်း၊ ဇွန် ၂ ရက်တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ကြီးအား ဆရာတော် သံဃာတော်အပါး(၇၅)ပါးဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ ဆွမ်း၊ သစ်သီးများ ကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ပွဲအတွက် ဆေးပဒေသာပင်နှင့် ဆွမ်းပဒေသာပင်အဖြစ် (ဝတ္ထုတုငွေများနှင့် သံဃာအသုံးအဆောင်ပစ္စည်းများ)ပါဝင်လှူဒါန်းရန် ဖုန်း-၀၉၂၅၅၇၇၉၇၇၁၊ ၀၉၆၆၆၀၇၄၁၁၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အာကာလင်း**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် မေ ၂၅**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ မြို့ဦးဘုန်းကြီးကျောင်းတွင် ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိပြီး လမ်းဘေးဘယ်ညာမှ လဲကျနေသော သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသော ကျောက်ဖြူ ပညာရေးဒီဂရီကောလိပ်ရှိ စာသင်ဆောင်အမိုးအား ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ ဒေသခံပြည်သူများအား ချက်ပြုတ်ရေးအဆင်ပြေစေရန် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စစ်တွေ-ရန်ကုန်သွား ကားလမ်းပေါ်ရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ပူးပေါင်း၍ မောင်တောမြို့ ပဲရုံကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်ခြားရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အဆိုပါမြို့ရှိ မဟာအောင်မြေရတနာကျောင်းတိုက်၊ ဇေယျာဂီရိကုလရက္ခိတတောင် အလိုတော်ပြည့်ကျောင်းနှင့် အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တို့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနေသော နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



**နေပြည်တော် မေ ၂၅**

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အာဆီယံနိုင်ငံများမှ လှူဒါန်းသည့် စားသောက်ဖွယ်ရာ ပစ္စည်းများ၊ ဆေးကုသရေးဆိုင်ရာ ပစ္စည်းများ၊ ပြန်လည် တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ မိုးကာလိပ်များ၊ အဝတ်အထည်များ၊ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး ပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် လေးကြိမ် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါတပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှင့် MCL ကုမ္ပဏီပိုင်ရေယာဉ်တို့ဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၂၅**

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီ ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော် (ရေ) မှ ၅၆ မီတာ ကမ်းထိုးရေယာဉ်တစ်စင်းသည် နယ်မြေခံ




အခြေချ ယန္တရားအလုပ်ရုံမှ လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးယာဉ် CAT 320 EXCAVATOR ၂ စီး စုစုပေါင်း ကုန်တန်ချိန် ၄၀ တန်တို့အား အင်္ဂမော်ကမ်းထိုးရပ်၌ တင်ဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ထပ်မံပို့ဆောင်ပေးခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဗိုလ်တထောင်မြို့နယ် မိသားစုရပ်ကွက် ဗိုလ်အောင်ကျော် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော MCL ကုမ္ပဏီပိုင် အလျား ပေ ၂၄၀၊ အနံပေ ၆၀၊ ရေစူး ၁၅ ပေ စုစုပေါင်း ၂၆၀၈ မက်ထရစ်တန် တင်ဆောင်နိုင်သည့် MV-MCL 5 ရေယာဉ်သည် ရခိုင်ဒေသ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေး ပစ္စည်းမျိုးစုံဖြစ်သည့် မြန်မာ့သစ်လုပ်ငန်းမှ သစ်ဆိုဒ်မျိုးစုံ (၂၀၉ ဒသမ ၄၉၄၅) တန်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးရာဌာန (ရန်ကုန်) မှ 600 V Cable Meter ၄၀၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ကိုးပေ သွပ်ချပ် ၁၀၆၂၉၀၊ နှစ်လက်မသံ ပိဿာ ၁၂၅၀၊ မိုးကာတဲ ၂၅၄ လိပ်၊ ခေါက်ဆွဲခြောက်ထုပ် ၉၀၁၅၀၊ အိမ်ရိုက်သံဆိုဒ်စုံ ၁၂ တန်၊ သွပ်ရိုက်သံ ၂၂ တန်၊ အမိုးသွပ် ၁၁ ထုပ်၊ ဆန်အိတ် ၁၉၁၈၀ စုစုပေါင်း ၂၄၀၀ မက်ထရစ်တန် တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်းနှင့် ရေယာဉ်ထွက်ခွာချိန်တွင် အလယ်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ် ထိန်ဝင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်နှင့် တာဝန်ရှိသူများက လာရောက်ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါစစ်ရေယာဉ်နှင့် MCL ကုမ္ပဏီပိုင် MV-MCL 5 ရေယာဉ်တို့ဖြင့် သယ်ဆောင်လာသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးယာဉ်များနှင့် ပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘဝနတ်ထံ ပျံလွန်တော်မူ



နေပြည်တော် မေ ၂၅

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ အရ ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း(၇)ရက်၊ (၂၅-၅-၂၀၂၃) ကြာသပတေးနေ့ ည ၁၁ နာရီ ၁၁ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ရဘဲကျေးရွာတွင် ခမည်းတော် ဦးဘိုးသစ်+မယ်တော်ဒေါ်အေးသိုက် တို့မှ ၁၂၉၁-ခုနှစ်၊ တော်သလင်းလဆန်း(၁၄)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်၊ တနင်္လာနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဆင်မင်းကျေးရွာ၊ ဆင်မင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ်၊ တပို့တွဲလဆန်း(၁၀)ရက်၊ တနင်္လာနေ့တွင် တောင်သာမြို့နယ်၊ ရဘဲကျေးရွာ၊ ရဘဲကျောင်းတိုက် ဗဒ္ဓသိမ်၌ ကံမြဲကံဦးကျောင်းဆရာတော် ဘဒ္ဒန္တ သောဘိတ(ဦးပွား)ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် တောင်သာမြို့နယ်၊ ကံမြဲကျေးရွာ၊ ကံဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘိတ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တမေဓိယ၊ ဘဒ္ဒန္တဥက္ကံသ၊ ဘဒ္ဒန္တအရိယ စသည့်ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ၁၃၁၅ ခုနှစ်တွင် **“ပရိယတ္တိသာသနဟိတဓမ္မာစရိယ**၊ ဝဋံသကာ၊ BA (မန်းတက္ကသိုလ်)၊ **သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့”** ၁၃၁၈ ခုနှစ်တွင် **“ပါဠိသိရောမဏိ”**ဘွဲ့၊ ၁၃၇၈ ခုနှစ်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှ ဆက်ကပ်သော ဂုဏ်ထူးဆောင် ဓမ္မပါရဂူ (D.Litt) ဘွဲ့၊ ၂၀၀၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဆက်ကပ်သော Doctor of Letters (D.Litt) ဘွဲ့၊ ၂၀၁၆ ခုနှစ်တွင် ကိုရီးယားနိုင်ငံ၊ Sehan University မှ ဆက်ကပ်သော ဘာသာရေးအတွေးအခေါ် ဘာသာရပ်ဂုဏ်ထူးဆောင် (Ph.D)ပါရဂူဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### စာပေကျမ်းဂန်များ သင်ကြားပို့ချ ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်၌ ဘ/က ကျောင်း ဖွင့်လှစ်၍ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို အခမဲ့ ပညာသင်ကြားပေးခဲ့ခြင်း၊ မိုးမိတ်ကုန်းမြေ၊ တိပိဋက ကျောင်းတော်၌ (၅)နှစ်ကျော် စာပေပို့ချခဲ့ခြင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဒုတိယပါမောက္ခချုပ်တာဝန်ဖြင့် စာပေများသင်ကြားပို့ချခဲ့ခြင်း၊ တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းတို့ကို မန္တလေးမြို့၊ ဘုရားကြီးတိုက်တွင် အတွင်းရေးမှူးအဖြစ်ဖြင့် ပြီးစီးအောင် ရေးသားပြုစုခဲ့ခြင်း၊ သိမ်တောင်သာသနာဝင်ကျမ်း၊ (မြန်မာဘာသာ)၊ မောဂ္ဂလာန်သဒ္ဒါကျမ်းကြီးအဖွင့် ပယောဂသိဒ္ဓိနိဿယ ပ၊ ဒု နှစ်အုပ်၊ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်းကို ပါဠိဘာသာဖြင့် ပြန်ဆိုရေးသားခြင်း ပ၊ ဒု (၂)အုပ်၊ ထေရီအပဒါနဒီပနီ(ပါဠိဘာသာ)၊ ယမိုက်ပါဠိတော်(ဒု၊ တ) (အင်္ဂလိပ်ဘာသာပြန်)စသည့်ကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့စသော သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းနိုင်ရန် မူလသံဃာ့ဝန်ဆောင်(၆၆)ပါးအဖွဲ့၌ ပါဝင်၍ မန္တလေးတိုင်းဒေသကြီးအတွင်း လှည့်လည်ဟောပြောပြီး သာသနာပြု တာဝန်များကို ထမ်းဆောင်ခဲ့ခြင်း၊ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ် ၂၀၁၀ ပြည့်နှစ်၊ မတ်လအထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လမှ ဇူလိုင်လအထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လမှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဋ္ဌနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် **“အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက”** ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ အရ ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း(၇)ရက်၊ (၂၅-၅-၂၀၂၃) ကြာသပတေးနေ့၊ ည ၁၁ နာရီ ၁၁ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အောင်ဆန်းရပ်ကွက်နေ အောင်ကိုဝင်း (ခ) တောင်ကြီးသည် ၎င်းအသုံးပြုသည့် “Aung Ko Aung Ko ” Facebook အကောင့်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက်နေ ဝေယံ (ခ) ယံယံသည် ၎င်းအသုံးပြုသည့် “Ko Wai Yan” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## မြိတ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် ညနေ ၅ နာရီခွဲတွင် မြိတ်မြို့ ရေပုန်းရပ်ကွက် ကမ်းနားလမ်းတွင် ဇရာလွင် (ခ)ဇရာ ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ မေ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာမြို့နယ် အမှတ်(၆) ရပ်ကွက် သီရိမင်္ဂလာပတ်လမ်းတွင် ချစ်မင်းထွေး(ခ)ကျော်သက်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီတွင် ရွှေပြည်သာမြို့နယ် အမှတ်(၇)ရပ်ကွက် ရွှေပုပ္ပား(၂)လမ်းရှိ ပြည့်ဖြိုးဦး ၄င်းရမ်းနေထိုင်သည့် နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ

**နေပြည်တော်  မေ  ၂၅**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ မေ ၃၁ ရက်အထိ သတ်မှတ်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၃ ရက်နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ တတိယရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များ၌ ကျောင်းအပ်နှံသူ ၃၇၅၃၄၈၁ ဦး ရှိပြီး ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်သည့် ဆရာ၊ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ အဆင့်မြင့်ပန်းချီရေးဆွဲနည်းသင်တန်းဆင်း

**မြဝတီ  မေ  ၂၅**

ကရင်ပြည်နယ် မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန် ကြားရေးမှူး ဒေါ်မာမာရီက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြဝတီမြို့နယ် ပန်းချီ၊ ပန်းပု အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးက သင်တန်းတွင် သင်ကြားပို့ချခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# သာစည်မြို့၌ ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုး

**သာစည်  မေ  ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ ပြုလုပ်သည့် ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၅ ရက် နံနက် ၇ နာရီခွဲက သာစည်မြို့ အမှတ်(၁)ရပ်ကွက် အခြေခံပညာ မူလတန်း (ဂါတ်တန်း) ကျောင်းဝင်းအတွင်း၌ ပြုလုပ်ရာ မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးရဲလွင်နှင့် သာစည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်တို့က ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများထံ ပေးအပ်သည်။



ဆက်လက်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပေးကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်သူများက ပျိုးပင်ပေါင်း ၁၀၀၀ ကို စိုက်ပျိုးကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်**
**(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  မေ  ၂၅** - နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၅ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၃၀၅၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၃၀၇၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၅၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၅၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၁၀ ကျပ် | ၁၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၉၀ ကျပ် | ၂၀၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၂၅ ကျပ် | ၂၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၅၃. ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၅၂ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၀ . ၆၇၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၀၅ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၄ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၇ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၃၇၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၁၀၀ | ၃၁၉ | ၂၅၆၂၄၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၁၈၄၁ | ၅၄၂၈၉၅၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၂ | ၁၄၆၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၁၀၉၇ | ၁၅၉၀၆၅၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၅၀ | ၁၂၂၅၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၅ | ၁၂၇၅၀ |
| AHP | ၄၈၀၀ | ၄၈၀၀ | ၃ | ၁၄၄၀၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(တောင်ငူ)
## မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ် (တောင်ငူ)တွင် ၂၀၂၃-၂၀၂၄ပညာသင်နှစ်အတွက် ၂၀၂၃ခုနှစ်၊ ဇွန်လ(၁၅) ရက်နေ့တွင်စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

- (က) မြို့ပြအင်ဂျင်နီယာ
- (ခ) အီလက်ထရောနစ်အင်ဂျင်နီယာ
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
- (ဃ) စက်မှုအင်ဂျင်နီယာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁)နှစ် စုစုပေါင်း (၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work) ဖြေဆို အောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်-

- (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်နိုင်ငံသားဖြစ်ရမည်။
- (ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသို့တက်ရောက်ရန် အဆင့်မီသူများ ဖြစ်ရမည်။
- (ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ပြီးသင်တန်း စည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
- (ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။
- (င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်းလုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့်လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန်ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သောနည်းပညာတက္ကသိုလ်များမှ ထောက်ခံချက် (မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ၂၉-၅-၂၀၂၃ရက်(တနင်္လာနေ့)မှစ၍ထုတ်ပေးမည်ဖြစ်ပြီး ၂-၆-၂၀၂၃ရက် (သောကြာနေ့)နောက်ဆုံးထား၍ နည်းပညာတက္ကသိုလ်(တောင်ငူ)သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအားစိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၅-၆-၂၀၂၃ရက် (တနင်္လာနေ့)စာမေးပွဲမဖြေဆိုမီ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို နည်းပညာတက္ကသိုလ်(တောင်ငူ)တွင် အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၅-၆-၂၀၂၃(တနင်္လာနေ့) | အင်္ဂလိပ်စာ | နံနက်(၉)နာရီမှ(၁၂)နာရီ |
| ၆-၆-၂၀၂၃(အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉)နာရီမှ (၁၂)နာရီ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲမူရင်းဖြေဆိုခွင့်ကတ်ပြား တစ်ပါတည်းယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို ၁၁-၆-၂၀၂၃ရက် (တနင်္ဂနွေနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၁၂-၆-၂၀၂၃ရက် (တနင်္လာနေ့)မှစ၍ နည်းပညာတက္ကသိုလ်(တောင်ငူ)တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရသူများ၏အမည်စာရင်းကို ၁၃-၆-၂၀၂၃ရက်(အင်္ဂါနေ့)တွင် ထုတ်ပြန်ကြေညာပေးမည်။

**နည်းပညာတက္ကသိုလ်(တောင်ငူ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(တောင်ကြီး)
## မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ် (တောင်ကြီး)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ၂၀၂၃ခုနှစ်၊ ဇွန်လ(၁၅) ရက်နေ့တွင်စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

- (က) မြို့ပြအင်ဂျင်နီယာ
- (ခ) အီလက်ထရောနစ်အင်ဂျင်နီယာ
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
- (ဃ) စက်မှုအင်ဂျင်နီယာ
- (င) သုတနည်းပညာ
- (စ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသန ကျမ်းပြုသင်တန်း (၁)နှစ် စုစုပေါင်း (၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း Course Work ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်-

- (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
- (ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်း စည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
- (ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက် (မူရင်းနှင့် မိတ္တူ) တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို နည်းပညာတက္ကသိုလ် (တောင်ကြီး)မှ (၂၉-၅-၂၀၂၃)ရက်(တနင်္လာနေ့)မှ စ၍ ထုတ်ပေးမည်ဖြစ်ပြီး (၂-၆-၂၀၂၃)ရက် (သောကြာနေ့) နောက်ဆုံးထား၍ နည်းပညာတက္ကသိုလ် (တောင်ကြီး)သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၃၁-၅-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို နည်းပညာတက္ကသိုလ်(တောင်ကြီး) တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၅-၆-၂၀၂၃(တနင်္လာနေ့) | အင်္ဂလိပ်စာ | နံနက်(၉)နာရီမှ(၁၂)နာရီ |
| ၆-၆-၂၀၂၃(အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉)နာရီမှ(၁၂)နာရီ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲ(မူရင်း) ဖြေဆိုခွင့်ကတ်ပြားကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို (၁၁-၆-၂၀၂၃)ရက် (တနင်္ဂနွေနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၁၂-၆-၂၀၂၃)ရက် (တနင်္လာနေ့)မှစ၍ နည်းပညာတက္ကသိုလ် (တောင်ကြီး) တွင် ပြုလုပ်မည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို (၁၃-၆-၂၀၂၃) ရက် (အင်္ဂါနေ့)တွင် ထုတ်ပြန်ကြေညာပေးမည်။

**နည်းပညာတက္ကသိုလ်(တောင်ကြီး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
## မဟာကွန်ပျူတာသိပ္ပံဘွဲ့၊ မဟာကွန်ပျူတာနည်းပညာဘွဲ့
## သင်တန်းသား / သူများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်တွင် မဟာဘွဲ့သင်တန်းများကို ၁၅-၆-၂၀၂၃ရက် (ကြာသပတေးနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး စုစုပေါင်း (၂)နှစ် သင်တန်းဖြစ်ပါသည်။

၃။ သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်း စည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၄။ ပညာအရည်အချင်းသတ်မှတ်ချက်၊ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်သူဖြစ်ရမည်။

၅။ အဆိုပါသင်တန်းသို့ အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

- (က) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဖွင့်လှစ်ခဲ့သည့် ဘွဲ့ကြိုသင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ပြီး မဟာဘွဲ့သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများ၊
- (ခ) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဖွင့်လှစ်သည့် ဘွဲ့ကြိုသင်တန်းအောင်မြင်ပြီးနောက် လုပ်ငန်းခွင် အတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိသူများ၊
- (ဂ) အခြားကွန်ပျူတာတက္ကသိုလ်များ၌ ဘွဲ့ကြိုသင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ပြီး မဟာဘွဲ့သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများ

၆။ သင်တန်းတက်ရောက်ရန် လျှောက်ထားသူများအနက် အထက်ဖော်ပြပါ စာပိုဒ်(ခ)နှင့် (ဂ)ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ (Entrance Exam)ကို အောက်ပါအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာနှင့် ဘာသာရပ် ဆိုင်ရာများ (Data Structure, Artificial Intelligence, Operating System, Software Engineering, Data Analysis and Management, Computer Networking, Computer Architercture, Maths (IQ Test)) အား ဖြေဆိုရမည်ဖြစ်ပါသည်-

| နေ့ရက် | ဘာသာရပ် | အချိန် | နေရာ |
|---|---|---|---|
| ၅-၆-၂၀၂၃ | အင်္ဂလိပ်စာ | (၀၉:၀၀)မှ(၁၁:၀၀)နာရီ | သတင်းအချက်အလက်နည်းပညာတက္ကသိုလ် |
| (တနင်္လာနေ့) | ဘာသာရပ် | (၁၃:၀၀)မှ(၁၅:၀၀)နာရီ | |

၇။ ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို ၁၁-၆-၂၀၂၃ရက် (တနင်္ဂနွေနေ့) တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၁၂-၆-၂၀၂၃ ရက် (တနင်္လာနေ့) တွင် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ ဖြေဆိုကြရမည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများစာရင်းကို ၁၃-၆-၂၀၂၃ရက် (အင်္ဂါနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၈။ သင်တန်းဝင်ခွင့်ဖြေဆိုရန် လာရောက်သောအခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံများကို သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် ၂၉-၅-၂၀၂၃ရက် (တနင်္လာနေ့) မှစတင်ရယူနိုင်ပြီး ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၂)ပုံနှင့် အတူ ၂-၆-၂၀၂၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ပါရမီလမ်း၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၁-၉၆၆၄၇၀၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အထက (၃) Grade-11တွင် ပညာသင်ကြားနေသော (ဘ)ဦးကျော်စွာလင်း ၈/သရန(နိုင်)၀၀၁၆၀၉ ၏ သမီး မဖူးဆင့်ရွှေရည်ထက်အား မအိမ့်ဆုမှူးပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်ဆုမှူးပိုင်**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ (အမက) ကျောင်းဖြူကုန်း ကျောင်းနေ G-3 မောင်လမင်းကိုကိုနှင့် G-1 မယမုံနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးရန်မျိုးဆွေ ၉/ရမသ(နိုင်) ၂၇၁၆၄၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအေးမင်းဝင်း ၇/မလန (နိုင်)၀၉၃၅၉၁၏သား ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အမက တာကလေး Grade-4 မှ စောဟဲရိဘက်သက်ထူးအောင်အား မောင်သုထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သုထက်နိုင်**

## အမည်ပြောင်း

ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်၊ သီတာလမ်း၊ အမှတ် (၂၃၇)နေ ဦးစိန်ရှင်း-ဒေါ်သူဇာစိုးတို့၏သား အထက (၁) ထားဝယ်၊ Grade-11 မှ မောင်လွင်ထူးအောင်အား မောင်လွင်ထူးဟန်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်လွင်ထူးဟန်**

## မိခင်အမည်မှန်

ထားဝယ်မြို့၊ ဝဲကျွန်းဆင်ဆိပ်ရပ်၊ မြလမ်းနေ မောင်ကောင်းသုခဖြိုး၏ မိခင်ဖြစ်သူ ဒေါ်ချိုရီငြိမ်း၏ အမည်မှန်မှာ ဒေါ်ချိုရည်ငြိမ်း ၆/ထဝန(နိုင်)၁၁၃၃၀၁ ဖြစ်ပါကြောင်း။

**ဒေါ်ချိုရည်ငြိမ်း**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက (၁)၊ Grade-8မှ မအိသန္တာမြင့်၏ဖခင် ဦးထွန်းမြင့်၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးခင်အောင် ၆/မမန(နိုင်)၂၂၀၄၀၆ ဖြစ်ပါကြောင်း။

**ဦးခင်အောင်**

## ဖခင်အမည်မှန်

မြိတ်မြို့၊ သံသရာအေး (ဘ/က)ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း Grade-6 မှ မောင်ရဲရင့်စိုး၊ Grade-4မှ မအိသဇင်မိုး၊ Grade-2 မှ မောင်ရဲရင့်သွေးတို့၏ဖခင် ဦးအောင်စိုးသာ၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးခင်မောင်လှိုင် ၁၁/စတန(နိုင်)၀၈၀၉၀၀ ဖြစ်ပါကြောင်း။

**ဦးခင်မောင်လှိုင်**

## အမည်ပြောင်း

ဦးထွန်းထွန်းလင်း ၈/မကန(နိုင်)၁၂၂၇၄၀၏သား ရွှေတောင်မြို့နယ်၊ အလက (ရေနံမြေ) Grade-6 မှ မောင်ခန့်ဝေယံလင်းအား မောင်ခန့်လင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါ ရန်။

**မောင်ခန့်လင်းသန့်**

## ဖခင်အမည်မှန်

ရွှေတောင်မြို့၊ အထက (ရွှေတောင်) Grade-7မှ မမေဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းလွင် ၇/ရတန(နိုင်)၀၉၂၆၅၆ ဖြစ်ပါကြောင်း။

**ဦးကျော်မင်းလွင်**

## မိခင်အမည်မှန်

ကော့ကရိတ်မြို့၊ အထက (၁) Grade-5 မှ မကြယ်စင်မိုး၏ မိခင်အမည်မှန်မှာ နန်းမြလှိုင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ အထက ဟောင်ပါး Grade-8 တွင် ပညာသင်ကြားနေသော မသန္တာဝင်း ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းထွန်း ၁/ဟပန(နိုင်)၀၂၀၂၁၀ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း၊ ဦးအောင်ကျော်လမ်း၊ အမှတ် (၁၆/က)နေ ဦးစောခူ၏ ဖခင်မှာ ဦးစောယေးဖေးသ TRY ၀၀၃၅၁၂ နှင့် ဦးရဲဖေတို့မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစောယေးဖေးသ(ခ)ဦးရဲဖေ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်4D/2654 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊**
**ရန်ကုန်မြောက်ပိုင်း၊ အင်းစိန်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/9891 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/1546 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/1077 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဥတုရာသီ တောကိုမှီ၏

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/9011 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**




**အမည်မှန်**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ ပင်းဟဲ အထက(ခွဲ) နဝမတန်းမှ မောင်ချန်းမင်းသူ၏ အမည်မှန်မှာ မောင်ချမ်းမင်းသူ ၁/မညန(နိုင်) ၂၁၆၃၃၇ ဖြစ်ပါကြောင်း။

**မောင်ချမ်းမင်းသူ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၅-၂၀၂၃ ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၄)တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ဥမ္မာမြင့်၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာတွင် နော်မိုးသီတာ ၁၄/ဖပန(နိုင်) ၀၂၃၆၃၈အစား ၁၄/ဖပန(နိုင်) ၀၂၃၆၃၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မြောက်ဦးမြို့နယ်၊ ဝေသာလီကျေးရွာ အလကခွဲ အဋ္ဌမတန်းမှ မောင်ဦးဝင်းနိုင်နှင့် သတ္တမတန်းမှ မအေးသူခိုင်တို့၏ဖခင် ဦးအောင်ဝင်း၏အမည်မှန်မှာ ဦးမောင်ထွန်းဝင်း ၁၁/မဥန(နိုင်)၀၈၈၄၁၇ ဖြစ်ပါကြောင်း။

## အမည်မှန်

မြောက်ဦးမြို့နယ်၊ စင်းဘောကိုင်းကျေးရွာ အထကခွဲ Grade-9 တန်းမှ အိစန္ဒာဖြိုး၏ အမည်မှန်မှာ ချစ်စုမ ဖြစ်ပါကြောင်း။

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ဖြူးမြို့နယ်၊ အထက(၂) Grade-7 မှ (ဘ)ဦးသန်းညွန့်နိုင် ၇/ဖမန(နိုင်)၁၂၈၀၅၈၏သား မောင်ဘုန်းသန့်ကိုအား ယနေ့မှစ၍ မောင်အောင်ဖုန်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ဖုန်းခန့်**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မုဒုံမြို့နယ်၊ အုပ်စုအမှတ် (၁)၊ တာပသွန်၊ ကွင်းအမှတ်/အမည်(၈၁၅-သာယာကုန်းကွင်း)၊ ဦးပိုင်အမှတ် (၁၈/၄)၊ မြေဧရိယာ ၀.၄၅ဧကရှိ ဥယျာဉ်ခြံမြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးစောလင်းထွန်းအမည်ပေါက် မြေကွက်ဖြစ်ပြီး ဦးစောလင်းထွန်းက ဦးအောင်မြင့်စိုးထံသို့ အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ထားပါသည်။ အဆိုပါမြေကွက်အား ဦးအောင်မြင့်စိုးထံမှ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၁၀၇/အေ)နေ ဦးပြေငြိမ်း ၁၀/မလမ(နိုင်)၂၀၈၇၂၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် ၁၈-၅-၂၀၂၃ရက်တွင် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဝင်းအေး (တရားလွှတ်တော်ရှေ့နေ) စဉ်-၁၀၂၄၃ (၂၇-၁-၂၀၁၅)**
**အမှတ် (၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ဖြူးမြို့နယ်၊ အထက(၂) Grade-3 မှ (ဘ)ဦးဇေယျာညီညီ ၁၃/ရငန(နိုင်)၀၃၁၅၅၂၏သား မောင်ထူးခန့်ညီညီအား ယနေ့မှစ၍ မောင်ထူးဇေယျာခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထူးဇေယျာခန့်**

## မိခင်အမည်မှန်

ကျောက်ဆည်မြို့၊ တောင်တော်(အမက) ပဉ္စမတန်းမှ မောင်အောင်ဟိန်းခန့်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်ဝင်း ၉/ကဆန(နိုင်) ၁၀၉၆၁၁ဖြစ်ပါကြောင်း။

**ဒေါ်ဝင်း**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့၊ တောင်တော်(အမက) ပဉ္စမတန်းမှ မမေသက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၉/ကဆန(နိုင်) ၁၂၂၆၈၀ ဖြစ်ပါကြောင်း။

**ဦးမောင်နိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ အရာခံဗိုလ်ကျော်အေး (ကိုယ်ပိုင်အမှတ် ၃၇၇၈၂၄) ၁၃/ကတန(နိုင်) ၀၀၇၉၆၂(ဘ)ဦးရွှေ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(B)၇၈၀ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်အေးအေးဝင်း ၁၃/ကတန(နိုင်) ၀၀၇၉၆၃(ဘ)ဦးစိန်မြမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ အရာခံဗိုလ်ကျော်အေး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီးငင်း၏ အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန
## ပူတာအိုခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁/၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၃-၂၀၂၄(ဧပြီလမှ မတ်လ)ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာ)ကျပ်ငွေဖြင့် ဝယ်ယူရန် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** - ၂၃-၅-၂၀၂၃ရက်
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၅-၆-၂၀၂၃ရက်၊ ညနေ (၄:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၆-၆-၂၀၂၃ရက်၊ နံနက်(၉:၀၀)နာရီ
(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ ပူတာအိုခရိုင်

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပူတာအိုခရိုင်ရုံး၊ ဖုန်း-၀၉-၄၂၇၆၇၆၆၂၊ ၀၉-၄၀၀၀၄၁၅၃၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန
## ဗန်းမော်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁/၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန ဗန်းမော်ခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများ (မြန်မာ)ကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေ့ရက်** - ၂၅-၅-၂၀၂၃ရက်
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး ဝယ်ယူရမည့်ရက်/အချိန်** - ၂-၆-၂၀၂၃ရက် မွန်းလွဲ(၂:၀၀)နာရီ
(ဂ) **Prebid Meeting ပြုလုပ်မည့် ရက်/အချိန်** - ၂-၆-၂၀၂၃ရက် ညနေ (၃:၀၀)နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၆-၆-၂၀၂၃ရက် နံနက် (၉:၀၀)နာရီ
(င) **တင်ဒါလျှောက်လွှာတင်သွင်း ရမည့် ရက်/အချိန်/နေရာ** - ၅-၆-၂၀၂၃ရက် ညနေ(၄:၀၀)နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဗန်းမော်ခရိုင်၊ လက်ထောက်ညွှန်ကြားမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၉-၄၅၆၆၀၂၇၇၅၊ ၀၉-၄၂၇၃၀၆၅၄၀၊ ၀၉-၄၄၄၀၀၀၇၉၇၊ ၀၇၄-၅၀၀၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ သော်က (၅)လမ်း၊ မြေကွက်အမှတ် (ဥ-၇၁၈၁)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ မြေကွက်သည် ဦးစောသန်း ၉/ပမန(နိုင်)၁၁၁၁၆၉ အမည်ဖြင့် မြေပေးမိန့်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူထားပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုပြောဆိုသူ ဒေါ်အေးမျိုးသင်း ၁၀/ပမန(နိုင်) ၀၀၈၅၅၁ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်ရှိုင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၁၈၇)**
**အမှတ် (၇၆၈၈)၊ ရွှေတောင်လမ်း၊ ဥတ္တရသီရိမြို့နယ်၊**
**ဇဝနသိဒ္ဓိရပ်ကွက်၊ နေပြည်တော် ဖုန်း-၀၉-၂၆၀၈၆၇၄၀၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/91978, Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Aung Kan Bo Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/2036, Nissan Clipper J71I, Pick Up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြတ်လင်း ၁၀/မလမ(နိုင်)၁၉၉၂၈၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မန္တလေး)
## မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ၂၀၂၃ခုနှစ်၊ ဇွန်လ(၁၅)ရက်တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာ ဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) မြို့ပြအင်ဂျင်နီယာ (ခ) အီလက်ထရောနစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ (ဃ) စက်မှုအင်ဂျင်နီယာ
(င) သုတနည်းပညာ (စ) စက်မှုအီလက်ထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ (ဇ) ရေနံအင်ဂျင်နီယာ
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ

